# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၄၇)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၃၁ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပပြုလုပ်

**နေပြည်တော် မတ် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည်။

ဦးစွာ လက်ရှိမြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် စည်သူရဲဝင်းဦးတို့သည် ရှေ့ဆောင်အရာရှိနှစ်ဦးဦးဆောင်၍ အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြသည်။

ထို့နောက် လက်ရှိမြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်လွှဲပြောင်းလက်ခံ တာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦး **စာမျက်နှာ ၁၆ ကော်လံ ၁** ☆



လက်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏အလံကို လွှဲပြောင်းပေးအပ်စဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၃၁ ရက်)

# ခြိုးခြံချွေတာပြည်ချမ်းသာ အားလုံးပါဝင်ဆောင်ရွက်ပါ

ယခုလက်ရှိအချိန်တွင်ဖြစ်ပွားလျက်ရှိသည့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် စက်သုံးဆီများရှားပါးမှုကို နိုင်ငံတိုင်းတွင်ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါအခက်အခဲကို ကျော်လွှားဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းစက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် မကြာမီကာလက မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသုံးစွဲမှုနှင့် ဆီဖြည့်သွင်းမှုကို စုံ/မ အလှည့်ကျစနစ်ဖြင့်ဆောင်ရွက်ခြင်း၊ QR Code များအသုံးပြု၍ ဆီဖြည့်ခြင်းစနစ်များကို ဆောင်ရွက်ခဲ့သည်။ အလားတူ စက်သုံးဆီသုံးစွဲမှုကိုလျှော့ချနိုင်ရေးအတွက် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အစိုးရရုံးဌာနများ၏ ရုံးလုပ်ငန်းများကို နေအိမ်မှသာဆောင်ရွက်ကြရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင်ဖြစ်ပွားနေသည့်ပဋိပက္ခသည် အချိန်ကာလအားဖြင့် မည်မျှကြာမြင့်မည်ကို အတိအကျမသိနိုင်ပေ။ ထို့ကြောင့် စက်သုံးဆီသုံးစွဲမှုများလျှော့ချနိုင်ရေးနှင့် အများပြည်သူများခရီးသွားလာမှုအဆင်ပြေစေရေးအတွက် မီးရထားများတိုးချဲ့ပြေးဆွဲခြင်းနှင့် အများပြည်သူသုံးဘတ်စကားလိုင်းများ ပုံမှန်အတိုင်းပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ခရီးသွားလာမှုများအဆင်ပြေချောမွေ့စေရေး တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

အများပြည်သူများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုများကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးလျက်ရှိရာတွင် ပူတာအို၊ ခန္တီး၊ မြစ်ကြီးနား၊ ဟုမ္မလင်း၊ တာချီလိတ်၊ ကလေး၊ စစ်တွေ၊ ကျောက်ဖြူ၊ မာန်အောင်၊ မြိတ်၊ ကော့သောင်း စသည့် မော်တော်ယာဉ်ဖြင့်သွားလာရန်ခက်ခဲသည့် မြို့များသို့ လေကြောင်းခရီးစဉ်များကို ဦးစားပေးအနေဖြင့် မဖြစ်မနေပြေးဆွဲပေးသွားမည်ဖြစ်သည်။ အလားတူ အခြားသွားလာရန်ခက်ခဲသည့်ဒေသများသို့လည်း ဒုတိယဦးစားပေးအနေဖြင့် ပြေးဆွဲပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အများပြည်သူများခရီးသွားလာမှုအဆင်ပြေစေရေးအတွက် မီးရထားခရီးစဉ်များအလိုက် ခရီးစဉ်များတိုးချဲ့ပြေးဆွဲခြင်းနှင့် ရထားစီးခရီးသည်များ ပိုမိုအဆင်ပြေစွာစီးနင်းလိုက်ပါနိုင်ရေး တွဲပိုများချိတ်ဆက်ပြေးဆွဲခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ရန်ကုန်မြို့ပတ်ရထားခရီးစဉ်အား စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)မှထုတ်လုပ်ထားသည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြုပြေးဆွဲဆောင်ရွက်မည်ဖြစ်သည်။ ပြည်တွင်းလေယာဉ်ခရီးစဉ်များဆက်လက်ပြေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ စက်သုံးဆီသုံးစွဲမှုလျှော့ချနိုင်ရေးအတွက် ထုတ်ပြန်ထားသည့်ထုတ်ပြန်ချက်များအပေါ် စည်းကမ်းလိုက်နာမှုမရှိသည့် မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များအား ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခြင်းများဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်နေသကဲ့သို့ စက်သုံးဆီများကို အမှန်တကယ်အသုံးပြုသည့် ပြည်သူများလက်ဝယ်သို့ရောက်ရှိစေရေးနှင့် မှောင်ခိုရောင်းဝယ်မှုများမရှိစေရေး မသမာမှုပြုလုပ်ရောင်းဝယ်နေမှုများကို ထိထိရောက်ရောက်ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် စက်သုံးဆီအဆင်ပြေချောမွေ့စွာရရှိရန် မိမိတို့နိုင်ငံနှင့်မိတ်ဖက်နိုင်ငံများမှ စက်သုံးဆီများဝယ်ယူရရှိနိုင်ရေး ချိတ်ဆက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ထိုသို့ကြိုးပမ်းဆောင်ရွက်နေသလို ပြည်သူများဘက်ကလည်း စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးကို စိတ်ကောင်းစေတနာကောင်းဖြင့် ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၂၄ ရက်ကကျင်းပသည့် စက်သုံးဆီများဖူလုံစွာရရှိရေးနှင့်သုံးစွဲမှုများစနစ်တကျဖြစ်စေရေးအစည်းအဝေး၌ နိဂုံးချုပ်အမှာစကားပြောကြားစဉ် **“စက်သုံးဆီရှားပါးမှုကြောင့် သွားလာမှုများခက်ခဲပြီး ကုန်စျေးနှုန်းများကြီးမြင့်လာနိုင်ကြောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ပြည်သူများမျှော်လင့်ထားသည့် မြန်မာ့ရိုးရာပွဲတော်တစ်ခုဖြစ်ခြင်းကြောင့် အများပြည်သူများပျော်ရွှင်စွာဖြင့် ရေသဘင်ဆင်နွှဲနိုင်ရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် စီမံဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းစက်သုံးဆီဖူလုံစွာရရှိစေရေးဆောင်ရွက်ပေးရန်နှင့် ပြည်သူများအနေဖြင့် အကုန်အကျအသက်သာဆုံးဖြင့်သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ စက်သုံးဆီစျေးနှုန်းကြောင့် သွားလာမှုစရိတ်များ မြင့်မားလာမှုမရှိစေရေးဆောင်ရွက်ပေးရန်”** လိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်တို့အရ အများပြည်သူမည်သူမဆို ခြိုးခြံချွေတာရေးကို မဖြစ်မနေဆောင်ရွက်ရမည့်အချိန်အခါဖြစ်သည်။ တစ်ဦးချင်းတစ်ယောက်ချင်းစီခြိုးခြံချွေတာလိုက်ခြင်းဖြင့် အခြားလိုအပ်သူများကို ဖြည့်ဆည်းပေးရာရောက်သဖြင့် မွန်မြတ်သောလုပ်ဆောင်မှုအဖြစ် ခံယူနိုင်ပေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေးအတွက် နည်းလမ်းမျိုးစုံအသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအနေဖြင့် ခြိုးခြံချွေတာပြည်ချမ်းသာဆိုသည့်အတိုင်း ခြိုးခြံချွေတာရေးတွင်ပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

# စလင်းမြို့နယ်၌ အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

စလင်း မတ် ၃၀

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပတ္တမြားအစည်းအဝေးခန်းမ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူး၍ နွေရာသီကျောင်းပိတ်ရက်အခြေခံအင်္ဂလိပ်စာနှင့်ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနားကို မတ်လ ၃၀ ရက်တွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်က ယဉ်ကျေးလိမ္မာနှင့်အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ယဉ်ကျေးလိမ္မာနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းပို့ချပေးသောဆရာမများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်၍ ယဉ်ကျေးလိမ္မာနှင့်အခြေခံအင်္ဂလိပ်စာသင်တန်းတို့တွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူခြောက်ဦးတို့အား ဆုများပေးအပ်သည်။

ဆက်လက်၍ သင်တန်းဆရာမ ဒေါ်အေးအေးခိုင်က သင်တန်းမှ ပို့ချသင်ကြားပေးထားသည့်သင်ခန်းစာများကို အကျိုးရှိရှိအသုံးပြုကြရန် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းသင်ခန်းစာများသင်ကြားရာတွင် များစွာအထောက်အကူပြုသည့်အတွက် ဆက်လက်လေ့ကျင့်သွားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ ယဉ်ကျေးလိမ္မာနှင့်အခြေခံအင်္ဂလိပ်စာသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

# ဆောင်းသီးနှံမတ်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

မုံရွာ မတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲသီးနှံ ၄၇၅၄ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ရိတ်သိမ်းခဲ့ရာ မတ်လ ၃၀ ရက်အထိ မုံရွာမြို့နယ်၌ ၈၆၆ ဧက၊ ဘုတလင်မြို့နယ်၌ ၅၃ ဧက၊ အရာတော်မြို့နယ်၌ ၂၉၉၇ ဧကနှင့်ချောင်းဦးမြို့နယ်၌ ၈၃၈ ဧက စုစုပေါင်း ၄၇၅၄ ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၅ တင်းထွက်ရှိကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

“မုံရွာခရိုင် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ မတ်ပဲသီးနှံ ဧက ၄၇၅၄ ဧကအထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလည်း လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလည်း မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်” ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ကပြောသည်။

မုံရွာခရိုင်၌ မတ်ပဲသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ကြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာ၌ ပဲသီးနှံ အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(၄၀၉)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၃၁-၃-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၂၀:၂၀ | Memory Box |

## MWD Variety Channel

၃၁-၃-၂၀၂၆ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၃၀ | ကျန်းမာသောဘဝ |
| ၂။ | ၁၁:၃၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၃။ | ၁၂:၂၀ | ဥပဒေမှတ်စု |
| ၄။ | ၁၆:၄၅ | သိမှတ်ဖွယ်ရာ သုတကမ္ဘာ |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ် နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၆/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အုတ်တွင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ဆက်လက်ဖြေဆို

အုတ်တွင်း မတ် ၃၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်သံဃနာယကအဖွဲ့မှ ဦးစီးကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ဗောဓိကုန်းဘုန်းတော်ကြီးကျောင်းတိုက် ဝိဇ္ဇာသမိဒ္ဓိမဟာရွှေကံသာကျောင်းတော်၌ ဖြေဆိုလျက်ရှိရာ မတ်လ ၃၀ ရက်တွင် ဒုတိယနေ့ဆက်လက်ဖြေဆိုလျက်ရှိသည်။

စာဖြေသံဃာတော်များ အခက်အခဲမရှိ အေးချမ်းစွာဖြေဆိုနိုင်ရန် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှကြီးကြပ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပရဟိတအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အုတ်တွင်းမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲဖြေဆိုရန်စာရင်းရှိစာဖြေသံဃာတော်ပထမကြီးတန်း ၁၃ ပါး၊ ပထမလတ်တန်း ၁၄ ပါး၊ ပထမငယ်တန်း ၂၄ ပါး၊ အခြေပြုမူလတန်း ၃၈ ပါးရှိရာ မတ်လ ၃၀ ရက်တွင် စာဖြေသံဃာတော်ပထမကြီးတန်း ၁၂ ပါး၊ ပထမလတ်တန်း ၁၄ ပါး၊ ပထမငယ်တန်း ၂၃ ပါး၊ အခြေပြုမူလတန်း ၃၂ ပါး ဆက်လက်ဖြေဆိုလျက်ရှိသည်။

အုတ်တွင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်အထိ ဘာသာရပ်အလိုက်ဖြေဆိုလျက်ရှိကြောင်းနှင့် စာဖြေသံဃာများ၊ စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကဆရာတော်ကြီးများ စုစုပေါင်းအပါး ၁၀၀ ကျော်အား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များက နေ့စဉ် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် သံဃာတော်များအား ဧပြီလ ၅ ရက်တွင်ကျင်းပမည့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားတွင် စာအောင်ဆုရသံဃာတော်များအား စာအောင်ဆုနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ကြောင်း သိရသည်။



**ခင်ခင်မာ(ပြန်/ဆက်)**

# သာပေါင်းမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧက ၁၀၀၀ ကျော်နုတ်သိမ်းပြီးစီး

သာပေါင်း မတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ဧက ၁၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲဧက ၂၈၀၀ ကျော် စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့မြေပဲတွေကို ပြီးခဲ့တဲ့ဖေဖော်ဝါရီလဒုတိယပတ်က စတင်နုတ်သိမ်းခဲ့တာပါ။ မြေပဲဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူကပြောသည်။

သာပေါင်းမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲဧက ၂၈၉၀ အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သောမြေပဲများကို ယခုနှစ်ဖေဖော်ဝါရီလဒုတိယပတ်က စတင်နုတ်သိမ်းခဲ့ရာ လက်ရှိတွင် ၁၀၀၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့နုတ်သိမ်းခဲ့သည့် ဆောင်းမြေပဲတစ်ဧကလျှင် ၅၈ ဒသမ ၃၆ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

**သုတကျော်**

# မင်းဘူးမြို့ လူထုအခြေပြုဗဟိုဌာန၌ Book Club အဖွဲ့ဝင်များနှင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

မင်းဘူး မတ် ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ Book Club အဖွဲ့ဝင်များနှင့် မတ်လ ၂၉ ရက်က စကားဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က စကားဝိုင်းပြုလုပ်ရခြင်းအစီအစဉ်များနှင့် ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းသို့တက်ရောက်လာကြသည့် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) အတွင်းရေးမှူး ဆရာ ဦးဌေးလွင်နှင့် အဖွဲ့ဝင် ဆရာမ ဒေါ်မိုးဆွေတို့က မိမိတို့ဖတ်ရှုကြပြီးဖြစ်သည့် စာရေးဆရာဒေါက်တာသိန်းလွင် ရေးသားသည့် "ကျောင်းသားဘဝနှင့် ဆက်စပ်ပြင်ဆင်ကြ"စာအုပ်ပါခေါင်းစဉ်အကြောင်းအရာများမှ ရေးသားတင်ပြမှုအစီအစဉ်များ၊ ဆောင်းပါးပါအကြောင်းအရာများမှ ရရှိပေးစွမ်းသည့် အသိပညာဗဟုသုတများ၊ လိုက်နာကျင့်သုံးအပ်သည့် အတွေးအမြင်ဗဟုသုတများ၊ စာရေးသူ၏ရေးသားချက်များမှပေးစွမ်းသည့် စာပေရသများကို စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများ သိရှိစေရန် အပြန်အလှန်ဖတ်ကြားဆွေးနွေးကြသည်။

ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ တိုးပွားရရှိပြီး စာဖတ်ရှိန်မြင့်မားကာ အသိပညာဗဟုသုတများ တိုးပွားစေရန်၊ အပြန်အလှန် ဖလှယ်ဆွေးနွေးနိုင်ရေးနှင့် ချစ်ခင်စည်းလုံးမှုပိုမိုရရှိစေရေးရည်ရွယ်၍ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Book Club အဖွဲ့ဝင်များက စကားဝိုင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# မင်းဘူးမြို့ ခရိုင်အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်

မင်းဘူး မတ် ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအဖြစ် အားကစားကွင်းအတွင်းပတ်လမ်းနှင့် အပြင်ပတ်လမ်း အုတ်စီရေမြောင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက မတ်လ ၃၀ ရက်တွင် မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်ရှိ အဆိုပါအားကစားကွင်း၌ ကွင်းဆင်းကြည့်ရှုသည်။

မင်းဘူးခရိုင်အားကစားကွင်း၌ အုတ်စီရေမြောင်းဆောင်ရွက်ရန် မြေတူးခြင်း၊ သဲဖြည့်ခြင်း၊ ကွန်ကရစ်လောင်းခြင်းနှင့် အုတ်စီခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်နှင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုပြီး အုတ်စီရေမြောင်းဆောင်ရွက်ခြင်းလုပ်ငန်းများအားလုံး အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ပြောကြားသည်။

ဆက်လက်၍ မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ U-18 အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မင်းဘူးခရိုင် ကိုယ်စားပြုအသင်းအနေဖြင့် အဆိုပါအားကစားကွင်း၌ စခန်းသွင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းဘူးခရိုင် အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အားကစားကွင်းအတွင်းပတ်လမ်း(အရှည် ၁၃၀၂ ပေ၊ အကျယ် ၁ ပေ ၆ လက်မ၊ အမြင့် ၂ ပေ ၆ လက်မ) အုတ်စီရေမြောင်း ဆောင်ရွက်ခြင်းလုပ်ငန်းကို ခွင့်ပြုငွေ ငွေကျပ် ၁၀၅ ဒသမ ၀၁ သန်းဖြင့်လည်းကောင်း၊ အားကစားကွင်းအပြင်ပတ်လမ်း (အရှည် ပေ ၁၈၀၀၊ အကျယ် ၁ ပေ ၆ လက်မ၊ အမြင့် ၂ ပေ ၆ လက်မ) အုတ်စီရေမြောင်းဆောင်ရွက်ခြင်း လုပ်ငန်းကို ခွင့်ပြုငွေ ငွေကျပ် ၁၀၁ ဒသမ ၆၂ သန်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

ကာတွန်း



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

စုလှိုင်သည် ကျားသစ်မလေးလိုမာန်ဖီရင်း ဒက်ဒီကို စူးစူးဝါးဝါးလေး ကြည့်မိသည်။ ထို့နောက် ဒက်ဒီကို တစ်သက်နှင့်တစ်ကိုယ် ပထမဦးဆုံး အကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် ရန်သူလိုကြည့်ပြီး ဒေါသတကြီး ရန်တွေ့လိုက်လေသည်။

'ဘာတရားလဲ၊ ဘာတရားနဲ့ဖြေရမှာလဲ၊ ဒက်ဒီကတော့ ဖြေစရာ တရားတွေ သိပ်ရှိနေတာကိုး၊ တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက်၊ ငကန်း သေရင် ငစွေရောက်လာမှာကိုး ဟုတ်လား၊ ဒက်ဒီကတော့ မယားကိုး၊ မယားသေရင် အစားဝင်မယ့်မယားတွေအပြည့်၊ စုမှာက အမေပါ၊ အမေ သေရင် အမေအစားမရပါဘူး၊ ဘာတရားနဲ့ဖြေရမှာလဲ ပြောစမ်းပါဒက်ဒီရဲ့၊ ပြောစမ်းပါဦး၊ အမေပျောက်တဲ့ စုတို့၊ ထွန်းတို့ကို တရားပြစမ်းပါဦး'

ဒက်ဒီသည် စုကိုထိတ်လန့်အံ့သြစွာကြည့်ရင်း နောက်ဘက်သို့ယိုင် သွားသည်။ မသဲမကွဲညည်းလိုက်သောအသံကို အားလုံးကြားလိုက် ရသည်။ ထို့နောက် ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း သူ့မျက်နှာကို လက်ဝါးဖြင့်အုပ်ထားလိုက်လေသည်။

စုလှိုင်သည် နံရံကိုအားပျော့စွာမှီရင်း ကြမ်းပေါ်တွင်ပင်ထိုင်ချလိုက် သည်။ ထွန်းသည် စုလှိုင်၏ဘေးတွင် ငုတ်တုတ်လေးလိုက်ထိုင်လိုက် လေသည်။ အခြေအနေအရပ်ရပ်ကို သဘောပေါက်နားလည်အောင် ဉာဏ်မမီသော်လည်း သူပါရောပြီးစိတ်ဆင်းရဲနေဟန်ဖြင့် ငိုမဲ့မဲ့လေး ဖြစ်နေသည်။

သူ့ကိုဖျောင်းဖျနှစ်သိမ့်မည့်သူမရှိသောအခါမှ စုလှိုင်၏စိတ်တို့သည် တဖြည်းဖြည်းငြိမ်လာသည်။ အသက်ကို မမှန်မကန်လေးရှိုက်နေရင်းမှ မာမီ၏အကြောင်းစဉ်းစားသည်။ ထို့နောက် စုလှိုင် ငိုလေသည်။

■ ■ ■ ■ ■

'သံတွဲလေယာဉ်ပျက်ကျတဲ့အထဲမှာ စုလှိုင်အမေပါသွားတယ်တဲ့ နင်သိလား ညီလင်း'

အမာညိုကပြောသောအခါ ညီလင်းသည် ခေါင်းကို ခပ်လေးလေး ညိတ်ပြသည်။ ထိုအကြောင်းကို သူသိပြီးဖြစ်သည်။ သတင်းစာထဲတွင် လည်း အမည်စာရင်းပါသည်။

'စုလှိုင်တော့ ဒုက္ခပဲ၊ သနားပါတယ်ဟယ်'

ညီလင်းသည် ဘာမှမပြောဘဲငြိမ်နေသည်။ ဘာပြန်ပြောရမည်ကိုလည်း စဉ်းစား၍မရချေ။ သူ့အတွက်တော့ အမှန်တကယ်ပင် စိတ်မကောင်း ဖြစ်မိသည်။ မည်သို့သောအမေပင်ဖြစ်ပါစေ။ အမေပျောက်သော ရင်သွေး အတွက် အမေအစားမရနိုင်ပေ။

အမာညို၏သားငယ် "ဟနုမာန်"သည် အခန်းထဲမှ ယိုင်ထိုးယိုင်ထိုး ဖြင့် ထွက်လာသည်။ လမ်းစမ်း၍လျှောက်ကတည်းက သူ့ကို မည်သူမှ ဖေးမပြီး လက်တွဲ၍မရတော့ပေ။ တွဲလာသမျှလက်များကို တွန်းလွှတ်ပြီး သူ့စိတ်နှင့်သူ့ကိုယ် ခြေလွတ်လက်လွတ်လျှောက်သည်။ တဗိုင်းဗိုင်းလဲ သော်လည်း မငိုပေ။ ပေတေတေနှင့်ကုန်းထကာ ဆက်၍လျှောက်တတ် လေသည်။

'လာ လာ ဟနုမာန် ဦးညီဆီလာ'

ဟနုမာန်သည် ညီလင်းဆီသို့လာတော့မယောင် ဦးတည်လာပြီးမှ ကွေ့ထွက်သွားသည်။ သွားကျဲကျဲလေးပေါ်အောင် ပြောင်စပ်စပ်ဖြင့် ရယ်သွားသည်။

'ဟော့ကောင် ဗရုတ်'

ညီလင်းက ပြုံး၍အော်လိုက်သောအခါ "ဂျာ"ဟု ထူးသည်။ စကားကို လေးလုံးကွဲအောင် မတတ်သေးသော်လည်း သူ့ကို မည်သို့ပင်ခေါ်ခေါ် တဂျာတည်း ဂျာရင်း အတွင်ထူးတတ်လေသည်။

**"စုလှိုင်သည် နံရံကိုအားပျော့စွာမှီရင်း ကြမ်းပေါ်တွင် ပင်ထိုင်ချလိုက်သည်။ ထွန်းသည် စုလှိုင်၏ဘေးတွင် ငုတ်တုတ်လေးလိုက်ထိုင်လိုက်လေသည်။ အခြေအနေ အရပ်ရပ်ကို သဘောပေါက်နားလည်အောင် ဉာဏ်မမီ သော်လည်း သူပါရောပြီးစိတ်ဆင်းရဲနေဟန်ဖြင့် ငိုမဲ့မဲ့ လေးဖြစ်နေသည်။**

**သူ့ကိုဖျောင်းဖျနှစ်သိမ့်မည့်သူမရှိသောအခါမှ စုလှိုင် ၏စိတ်တို့သည် တဖြည်းဖြည်းငြိမ်လာသည်။ အသက်ကို မမှန်မကန်လေးရှိုက်နေရင်းမှ မာမီ၏အကြောင်းစဉ်းစား သည်။ ထို့နောက် စုလှိုင် ငိုလေသည်. . ."**

'သံကြိုးစာ သံကြိုးစာ'

အပေါက်ဝမှအော်သံကြားသောအခါ အကုန်လုံး ထိတ်ခနဲဖြစ်သွား ကြသည်။ အသက်ကြီးသော်လည်း သူတို့အားလုံးထက် လျင်မြန်ပေါ့ပါး သောမေမေက တံခါးဝသို့ အရင်ဆုံးရောက်သွားလေသည်။

'သက်သက်မွေးပြီတဲ့ မိန်းကလေးတဲ့'

'ဟယ် မိန်းကလေးတဲ့လား'

'ဒါမှကောင်းတာ အေးအေးငြိမ်ငြိမ်လေးလာမှာ'

'ဟနုမာန်ရေ မင်းအတွက် ညီမလေးရပြီကွ'

သူတို့အားလုံး ဆူညံသွားကြသည်။ ညီလင်းသည် သူ့အနားရောက် လာသော ဟနုမာန်ကိုဆွဲဖမ်းပြီး ပေါင်ပေါ်တင်ကာ ဖက်ထားလိုက်ရင်း "ကျွန်တော် စာမေးပွဲပြီးတာနဲ့ ကိုကိုတို့ဆီလိုက်သွားမယ်" ဟု အော် လေသည်။

'အဲဒီမျောက်ကလေးဟနုမာန်ကို နိုင်နိုင်နင်းနင်းထိန်းမယ့်သူရှိရင် ငါလည်း လိုက်သွားချင်လိုက်တာ'

ပက်လက်ကုလားထိုင်တွင် ပုတီးစိပ်နေသော မေမေကြီးက ဘာမှ ဝင်မပြောဘဲ ကျေနပ်ပြုံးသာပြုံးနေသည်။ မေမေကြီးသည် ယခုတလော၌ ယခင်ကလောက် လှုပ်လှုပ်ရှားရှားမလုပ်နိုင်တော့ပေ။ အသားအရေ များလည်း ပိုမိုလျော့ပါးပြီး အိတွဲလာသည်။ ဟနုမာန်ကမူ ထိုပျော့တွဲ နေသော လက်မောင်းသားအိအိကြီးများကိုင်ရသည်ကို အလွန် သဘောကျလေသည်။

'ညီလင်းနော် နင်ပဲကျန်တော့တာ'

'ယူတာက လွယ်ပါတယ် မမရယ်၊ မယူဘဲ နေရတာကသာ အင်မတန် ခက်တာ'

'အေးလေ မစွံတော့လည်း ပြောဦးပေါ့'

'ဟဲ့ ငါ့မြေးကလေး လိမ်လိမ်မာမာနေတာ ဘာမနာလိုဖြစ်နေရတာလဲ မိညိုရဲ့၊ ညည်းလိုမိုက်စေချင်လို့လား'

'မိုက်တယ်ဆိုတာက လွယ်ပါတယ်နော် မေကြီးရယ်'

ညီလင်းသည် ရယ်မော၍ပြောနေရသော်လည်း ရင်ထဲတွင်မူ စစ်ခနဲ စစ်ခနဲ နာကျင်သွားလေသည်။ "ကျွန်တော့်ရင်သွေးလေးကိုသာ စုလှိုင် က လူ့ပြည်ရောက်ခွင့်ပြုခဲ့ရင် ဟောဒီဟနုမာန်လေးနဲ့အသက်မကွာပါ ဘူးဗျာ"ဟု စိတ်ထဲမှကျိတ်ပြီးအော်ဟစ်ရင်း မျက်ရည်ဝဲချင်လာသည်။

'နင် ဖြူပြာဆိုတဲ့ကောင်မလေးနဲ့ ကြိုက်နေတယ်ဆို'

'မကြိုက်ပါဘူး၊ ရှိတ်ရုံပါ'

ပေါင်ပေါ်တွင် ငြိမ်ငြိမ်ထိုင်နေရသည်ကို ဟနုမာန်က လုံးဝမနှစ်သက် ပေ။ အတင်းလျှောဆင်းနေသည်။ ညီလင်းကမလွှတ်ဘဲ တင်းတင်းလေး ဖက်ထားသည်။

'မိန်းမယူဖို့ မလွယ်သေးပါဘူးဗျာ၊ အောင်ရင် အလုပ်က ဘယ်မှာနေ မှန်းမသိသေးဘူး၊ ဖေဖေပြောလို့ အလုပ်သမားမှတ်ပုံတင်တော့ တင် ထားတာပဲ'

'နင် အိုတီအက်စ် တက်ပါလား'

'အင်း တက်တော့ တက်ချင်တာပဲ၊ ဒါပေမဲ့ အောင်ဦးမှကိုး၊ စစ်ဗိုလ် ဖြစ်ချင်ပေမယ့် စစ်တော့မတိုက်ချင်ဘူး မမရ'

'သူကတောင် စစ်ဗိုလ်လုပ်ချင်တယ်၊ စစ်ထဲဝင်ချင်တယ်ဖြစ်နေတယ်'

အမာညိုသည် သူ၏အိမ်ဦးနတ် မောင်ပေါက်ကျိုင်းကို ပေါက်ကျိုင်း ဟု ခေါ်နေရာမှ လူကြားမကောင်းဖြစ်လာသောကြောင့် ဆင်ခြင်သည်။ ရှေ့တင်ဆိုလျှင် သံပြတ်နှင့်ခေါ်ပြောဆက်ဆံကာ ကွယ်ရာတွင်မူ ပေါက်ကျိုင်းဟူသောနာမ်အစား သူဟူသောနာမ်စားကို အသုံးပြုထား လေသည်။

'မမတို့က အောင်တာနဲ့အလုပ်ရမှာ၊ ဘာစဉ်းစားနေရသေးလဲ၊ ကိုတင်ထွန်းမောင်ကတော့ အစောကြီးကတည်းက အလုပ်သမားမှတ်ပုံ တင်လုပ်ထားတယ်၊ အောင်ပြီးအလုပ်မရရင်တော့ မော်လမြိုင်ဆင်း မယ်တဲ့'

'ဘာလုပ်ဖို့'

'မှောင်ခိုလုပ်မယ်တဲ့၊ အဲဒါက စားသာတယ်တဲ့၊ အား ခွေးကလေး'

ဟနုမာန်သည် သူ့ကိုဖမ်းချုပ်ထားသော ညီလင်း၏လက်ကို ကုန်း၍ ကိုက်သည်။ လက်လွတ်သွားသောအခါမှ ပေါင်ပေါ်မှလျှောဆင်းကာ ယိုင်ထိုးယိုင်ထိုးဖြင့်ထွက်ပြေးသွားလေသည်။ ထို့နောက် သူ့ကိုမျက် မှောင်ကုတ်၍ ကြည့်နေသော ညီလင်းကို လှည့်ကြည့်ပြီး သွားအကျဲ သားနှင့် တဟဲဟဲရယ်ပြလေသည်။

'ခွေးကောင် ဗရုတ်ကလေး'

'ဂျာ'

ဟနုမာန်သည် သူ့ဝတ္တရားမပျက် ထူးလိုက်ရင်း အိမ်ဦးခန်းတွင် သတင်းစာဖတ်နေသော ဖေဖေ့ဆီသို့ပြေးသွားလေသည်။

'အင်း ငါ့ရဲ့မတော်လိုက်ရတဲ့ ယောက္ခမကြီးတော့ ဆုံးသွားပြီပေါ့၊ စုတော့ စိတ်ညစ်နေမှာပဲ၊ သူကလည်း ဘယ်လိုလဲမသိဘူး၊ ယောကျ်ား ယူချင်လည်း ယူဖို့ကောင်းပြီ၊ တစ်ယောက်ယောက်ကို သတ်သတ်မှတ် မှတ်ပေါ့၊ ခုတော့ ထင်ရာလုပ်နေသလိုပဲ၊ ခုတလောတော့ ဘယ်သူနဲ့မှ တွဲတယ်မကြားဘူး၊ ဟိုတစ်လောကတော့ အဝေးကတွေ့လိုက်တယ်၊ သိပ်ပိန်တာပဲ'

**ဆက်လက်ဖော်ပြပါမည်။**

## ထန်းတပင်မြို့နယ်၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲကျင်းပ

ထန်းတပင် မတ် ၃၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင် မြို့နယ်၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ဆင်းပွဲကို မတ်လ ၃၀ ရက်တွင် အခြေခံပညာမူလတန်း လွန်ကျောင်း(ထန်းတပင်)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က သင်တန်း ဆင်းအမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၊ မြို့နယ်ပညာရေးမှူးကိုယ်စား ဦးဇာဏီမောင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်စန္ဒာထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဝင်များက အခြေခံဗုဒ္ဓဘာသာယဉ်ကျေး လိမ္မာသင်တန်းတက်ရောက်ကြသော ကျောင်းသား၊ ကျောင်းသူများအား သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်း လွှာများပေးအပ်သည်။

ထို့နောက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းတက်ရောက်ကြသော ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းဝင်များက အာဟာရဖြည့်မုန့်များ ဝေငှပေးကြောင်း သိရသည်။

ချမ်းမြေ့

## တိုက်ကြီးမြို့နယ် မှန်ပြတောင်ရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီး မြို့နယ် ကျားချောင်းကျေးရွာ မှန်ပြတောင်၌ တည် ထားကိုးကွယ်သည့် စေတီတော်တွင် ရေရရှိရေး အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အထွေထွေပိုလျှံ ရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင် ရွက်လျက်ရှိရာ မတ်လ ၃၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မှန်ပြတောင်ပေါ် ၌ ရာသီမရွေးရေရရှိရေးအတွက် အရှည် ပေ ၆၀၀၊ အကျယ် ၄ လက်မခွဲ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းနှင့် အရှည်ပေ ၃၀၀၀ ရေပိုက်လိုင်းသွယ် တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ် ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး ဆောင်ရွက် ကြရန် ပြောကြားသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မှန်ပြတောင်ရှိ စေတီတော်တွင် သောက်သုံးရေ များ ဖူလုံစွာရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရ သည်။

ဝတ်ရည်(ပြန်/ဆက်)

**◆ ကျောဖုံးမှအဆက်**

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သရေစည်သူ ကျော်စွာလင်းတို့သည် ရှေ့ဆောင်အရာရှိနှစ်ဦးဦးဆောင်၍ အခမ်းအနားကျင်းပမည့်နေရာသို့ရောက်ရှိကြသည်။

ထို့နောက် လက်ရှိမြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သရေစည်သူကျော်စွာလင်းတို့သည် အလေးပြုခံစင်မြင့်တွင် နေရာယူကြပြီး ဂုဏ်ပြုတပ်ခွဲ၏အလေးပြုခြင်းကို ခံယူသည်။

ထိုသို့ ဂုဏ်ပြုတပ်ခွဲ၏အလေးပြုခြင်းကို ခံယူနေချိန်တွင် ဂုဏ်ပြုအမြောက်တပ်ဖွဲ့မှလည်း အမြောက် ၁၇ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။

ထို့နောက် လက်ရှိမြန်မာ့တပ်မတော်၏



လက်ရှိမြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်း ဂုဏ်ပြုတပ်ခွဲအား စစ်ဆေးစဉ်။





ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်း ဂုဏ်ပြုမိန့်ခွန်းပြောကြားစဉ်။



လက်ရှိ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ကို လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်းထံသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏အလံကို လွှဲပြောင်းပေးအပ်စဉ်။

**❖ တပ်မတော်သည် မျိုးဆက်သစ် ငယ်ရွယ်နုပျိုလန်းဆန်းသည့်တပ်မတော်ဖြစ်စေရေးအတွက် လွတ်လပ်ရေးမရမီအချိန်၊ လွတ်လပ်ရေးရရှိပြီးအချိန်မှ ယခုအချိန်အထိ အဆင့်ဆင့်သော ခေါင်းဆောင်များက လေ့ကျင့်သင်ကြားပေးပြီး တာဝန်များကို အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ကြ . . .**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းသည် ဂုဏ်ပြုတပ်ခွဲအား စစ်ဆေးသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းက ဂုဏ်ပြုမိန့်ခွန်းပြောကြားရာတွင်တပ်မတော်သည် မျိုးဆက်သစ်ငယ်ရွယ်နုပျိုလန်းဆန်းသည့်တပ်မတော် ဖြစ်စေရေးအတွက် လွတ်လပ်ရေးမရမီအချိန်၊ လွတ်လပ်ရေးရရှိပြီးအချိန်မှ ယခုအချိန်အထိ အဆင့်ဆင့်သောခေါင်းဆောင်များက လေ့ကျင့်သင်ကြားပေးပြီး တာဝန်များကိုအသီးသီးလွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း၊ တပ်မတော်တွင် မည်သူတာဝန်ထမ်းဆောင်သည်ဖြစ်စေ ပေးအပ်သည့်လုပ်ငန်းတာဝန်များကိုလုပ်ဆောင်နိုင်သည့် စွမ်းရည်ပြည့်ဝပြည့်စုံသည့် တပ်မတော်သားများစွာရှိကြောင်း၊ တပ်မတော်သားများသည် တပ်မတော်မှလေ့ကျင့်သင်ကြားပေးလျက်ရှိသည့်သင်တန်းများ၊ မွမ်းမံသင်တန်းများ၊

**စာမျက်နှာ ၆ သို့ ◆**



ဂုဏ်ပြုအမြောက်တပ်ဖွဲ့က အမြောက် ၁၇ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်စဉ်။

**❖ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် အောင်မြင်မှု၊ ဆုံးရှုံးမှုများရှိနိုင်သော်လည်း အဓိကအရေးကြီးသည်မှာ တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တိုးတက်ကောင်းမွန်သည့် တပ်မတော်၊ ပြည်သူက အားကိုးရသည့်တပ်မတော်ဖြစ်စေရန် ရည်မှန်းချက်များကို အကြီးအကဲများက ချမှတ်ထားသည့်မူဝါဒများ၊ လမ်းညွှန်ချက်များ ဖြင့်ဆောင်ရွက်ခဲ့ပြီး တစ်ဦးနှင့်တစ်ဦးနားလည်မှု၊ သည်းခံမှု၊ စာနာမှုတို့ဖြင့်ပေါင်းစပ်၍ ဆောင်ရွက်ခဲ့၊ နောင်တွင်လည်း ယခုကဲ့သို့ပင် တာဝန်ယူမှု၊ လေးစားမှု၊ ချစ်ကြည်မှု၊ နားလည်မှု၊ စာနာမှုတို့ဖြင့်ပေါင်းစပ်၍ ဆောင်ရွက်သွားပါက မိမိတို့တပ်မတော်သည် အစဉ်နုပျိုနေသည့်တပ်မတော်၊ နိုင်ငံတကာက လေးစားအားကျရသည့် တပ်မတော်၊ နိုင်ငံသားများ၏ ယုံကြည်၊ အားကိုး၊ လေးစား၊ ယုံကြည်စိတ်ချ၊ ချစ်ခင်မြတ်နိုးသည့် တပ်မတော်အဖြစ် အစဉ်အမြဲဖြစ်နေမည်ဖြစ်. . .**

◆ စာမျက်နှာ ၅ မှအဆက်

စစ်မြေပြင်အတွေ့အကြုံများ၊ ဦးစီးအရာရှိတာဝန်ထမ်းဆောင်သည့် အတွေ့အကြုံများ၊ နည်းပြများနှင့်အဆင့်ဆင့်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ သင်ကြားလေ့ကျင့်ပေးမှုများ၊ မျှဝေခံစားမှုများနှင့်လမ်းညွှန်မှုများကြောင့် စွမ်းရည်ပြည့်ဝသည့် တပ်မတော်သားများဖြစ်လာကြကြောင်း၊ ထိုသို့ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် လက်အောက်ရှိအဆင့်ဆင့်သော အရာရှိများကိုလည်းအကြီးအကဲများက လေ့လာ၊ လေ့ကျင့်၊ လိုက်နာဟူသောဆောင်ပုဒ်နှင့်အညီ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း၊ တပ်မတော်တွင် တာဝန်တစ်ခုလွှဲပြောင်းခြင်းသည် သာမန်လွှဲပြောင်းခြင်းမဟုတ်ဘဲ ယုံကြည်မှု၊ စိတ်ချမှုသင့်တော်သူများကို ကြိုတင်လေ့ကျင့်ပေးမှုတို့ဖြင့် တာဝန်များကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်ကို ပြောကြားလိုကြောင်း၊ တစ်နည်းအားဖြင့် တပ်မတော်တွင် ငယ်ရွယ်နုပျိုသည့်ခေါင်းဆောင်များသည် အတွေ့အကြုံနှင့်ယှဉ်၍ ခေါင်းဆောင်မှသာ တပ်မတော်၏အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်ရေးတာဝန်များနှင့် တက်ရောက်လာသည့် နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ နိုင်ငံ့အရေးကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငယ်ရွယ်နုပျိုသည့် မျိုးဆက်သစ်များအား အဆင့်ဆင့်သော တာဝန်များကို လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း၊ မိမိတာဝန်ထမ်းဆောင်စဉ်ကာလအတွင်းတွင် လမ်းညွှန်ဆောင်ရွက်မှုများပြုလုပ်ပေးခဲ့သည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးကို ဂါရဝပြု၊ အလေးအမြတ်ပြုပါကြောင်း၊ ထို့ပြင် ၁၅ နှစ်တာတာဝန်ထမ်းဆောင်စဉ် ကာလအတွင်း တာဝန်ထမ်းဆောင်မှုများအပေါ်တွင် နားလည်မှု၊ ခွင့်လွှတ်မှု၊ စာနာမှုတို့ဖြင့် ဦးစီးဦးဆောင်မှုပြုခဲ့သည့် ယခင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အားလည်း ကျေးဇူးတင်၊ လေးစား၊ ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ အဆင့်ဆင့်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ သွန်သင်ဆုံးမ၊ ဩဝါဒပေးမှုများကြောင့်လည်း တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အမှားအယွင်းအနည်းဆုံးဖြင့် တာဝန်ထမ်းဆောင်နိုင်ခဲ့ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့်မိသားစုဝင်များ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စစ်ဆင်ရေးအောင်မြင်ရေးနှင့် အထိအခိုက်အကျအဆုံးအနည်းဆုံးဖြင့် အောင်မြင်ရေးစသည်တို့ကို ရည်မှန်း၍ အတွေ့အကြုံနှင့် သွန်သင်ဆုံးမမှုများ၊ သင်ကြားပေးခဲ့သည့် စစ်ပညာများကို အသုံးချ၍ မှန်ကန်သည့် စိတ်ရင်းစေတနာဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် အောင်မြင်မှု၊ ဆုံးရှုံးမှုများရှိနိုင်သော်လည်း အဓိကအရေးကြီးသည်မှာ တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တိုးတက်ကောင်းမွန်သည့် တပ်မတော်၊ ပြည်သူက အားကိုးရသည့်တပ်မတော်ဖြစ်စေရန်ရည်မှန်းချက်များကို အကြီးအကဲများက ချမှတ်ထားသည့်မူဝါဒများ၊ လမ်းညွှန်ချက်များဖြင့် ဆောင်ရွက်ခဲ့ပြီး တစ်ဦးနှင့်တစ်ဦးနားလည်မှု၊ သည်းခံမှု၊ စာနာမှုတို့ဖြင့်ပေါင်းစပ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ နောင်တွင်လည်း ယခုကဲ့သို့ပင် တာဝန်ယူမှု၊ လေးစားမှု၊ ချစ်ကြည်မှု၊ နားလည်မှု၊ စာနာမှုတို့ဖြင့်ပေါင်းစပ်၍ ဆောင်ရွက်သွားပါက မိမိတို့တပ်မတော်သည် အစဉ်နုပျိုနေသည့်တပ်မတော်၊ နိုင်ငံတကာက လေးစားအားကျရသည့် တပ်မတော်၊ နိုင်ငံသားများ၏ ယုံကြည်၊ အားကိုး၊ လေးစား၊ ယုံကြည်စိတ်ချ၊ ချစ်ခင်မြတ်နိုးသည့် တပ်မတော်အဖြစ် အစဉ်အမြဲဖြစ်နေမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း တပ်မတော်သာအမိ၊ တပ်မတော်သာအဖဖြစ်သည့်အတွက် နောင်တွင်လည်း တပ်မတော်က လိုအပ်လာသည့် မည်သည့်အချိန်တွင်ဖြစ်စေ အမြဲတမ်းအဆင်သင့်၊ အမြဲတမ်းအသင့်ဖြစ်နေမည် ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းက ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သရေစည်သူ ကျော်စွာလင်းအား ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ရာထူးကို ပူးတွဲခန့်အပ်ကြောင်း ခန့်အပ်လွှာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် လက်ရှိ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ကို လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သရေစည်သူ ကျော်စွာလင်းထံသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆောင်အယောင်ဓားနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏အလံတို့ကို လွှဲပြောင်းပေးအပ်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဦးစီးကွပ်ကဲမှုတံဆိပ်ကို တပ်ဆင်ပေးသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လက်ခံထမ်းဆောင်သည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်းက တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည့် ယခင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းထံသို့ ဂုဏ်ပြုအဆောင်အယောင်ဓားကို ဂါရဝပြုပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းနှင့် တာဝန်လက်ခံထမ်းဆောင်သူ ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်းတို့သည် ဂုဏ်ပြုတပ်ခွဲ၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ခွဲက စစ်ကြောင်းပုံပြုချီတက်အလေးပြု၍ ပြန်လည်ထွက်ခွာသည်။

ယင်းနောက် မြန်မာ့တပ်မတော်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များအားလွှဲပြောင်းပေးအပ်ခဲ့သည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီမဟာသရေစည်သူစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏တာဝန်များကို လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်သည့် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သရေစည်သူကျော်စွာလင်းနှင့်ဇနီး ဒေါက်တာနန်းကူးကူတို့သည် အခမ်းအနားတက်ရောက်လာကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၎င်းနောက် မြန်မာ့တပ်မတော်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များကို လွှဲပြောင်းပေးအပ်ခဲ့သည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီမဟာသရေစည်သူစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ရုံးဌာနအသီးသီးမှပေးအပ်သည့် ဂါရဝပြုအမှတ်တရလက်ဆောင်ပစ္စည်းများကို ကြည့်ရှုကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြန်မာ့တပ်မတော်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များကို လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်ခဲ့သည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ လိုက်ပါလာသည့် မော်တော်ယာဉ်သည် ဇေယျာသီရိဗိမာန်မှ ပြန်လည်ထွက်ခွာရာ နိုင်ငံတော်ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးခတ်သီဆိုမှုဖြင့် နှုတ်ဆက်ကြသည်။

ယနေ့ကျင်းပပြုလုပ်သည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာ့တပ်မတော်၏ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲများဖြေဆို

## ကန်ကြီးထောင့်



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မဟာသိရီမင်္ဂလာရာမကျောင်းတိုက် ဘာသန္တရတက္ကသိုလ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ်လ ၂၉ ရက်တွင် ကျင်းပသည်။

အဆိုပါအစိုးရပါဠိပထမပြန်စာမေးပွဲ ပထမကြီးတန်းတွင် ခုနစ်ပါး၊ ပထမလတ်တန်းတွင် ကိုးပါး၊ ပထမငယ်တန်းတွင် အပါး၂၀၊ အခြေပြုမူလတန်းတွင် ၁၇ ပါး စုစုပေါင်း ၅၃ ပါး ဝင်ရောက်ဖြေဆိုကြသည်။

စာမေးပွဲဖြေဆိုရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး အဆိုပါစာမေးပွဲကို မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်အထိ ခုနစ်ရက်တာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

## ကဝ

ပဲခူးတိုင်းဒေသကြီး ကဝမြို့ စက်ကျောင်း ကျောင်းတိုက်၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကကြီးမှူး၍ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ်လ ၂၉ ရက်တွင် ကျင်းပသည်။

အဆိုပါစာမေးပွဲတွင် ပထမကြီးတန်းလေးပါး၊ ပထမငယ်တန်းလေးပါး၊ အခြေပြုမူလတန်း ၃၉ ပါး စုစုပေါင်း ၄၇ ပါး စာရင်းသွင်းထားသော်လည်း ဖြေဆိုသူ ၃၈ ပါး ရှိကြောင်း သိရသည်။

စာဖြေသံဃာတော်များအား မြို့နယ်ကြီးကြပ်ရေးသံဃာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများက စာဖြေသံဃာတော်များအား လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၁၀)**





## မင်းဘူး

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မြို့နယ်သာသနာရေးဦးစီးဌာနကကြီးမှူး၍ ၂၀၂၆ ခုနှစ်အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ်လ ၂၉ ရက်တွင် သာသနာ့ဗိမာန်တော်၌ကျင်းပသည်။

အဆိုပါ စာမေးပွဲပထမကြီးတန်းတွင် လေးပါး၊ ပထမလတ်တန်းခြောက်ပါး၊ ပထမငယ်တန်း ၁၁ ပါးနှင့် အခြေပြုမူလတန်း ၁၃ ပါး စုစုပေါင်း သံဃာ၊ သီလရှင် ၃၄ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ စာမေးပွဲကြီးကြပ်ရေးဆရာတော်ကြီးများ၊ စာမေးပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ မြို့နယ်သာသနာရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး စာမေးပွဲကာလအတွင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုနှင့် မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို အလှည့်ကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

## ခြောင်းဆုံ

မွန်ပြည်နယ် ခြောင်းဆုံမြို့နယ် အနောက်ရပ်ကွက် မင်းကျောင်းသာသနာ့ဗိမာန်၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကကြီးမှူး၍ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ကို မတ်လ ၃၀ ရက်တွင် ဆက်လက်ကျင်းပသည်။

အဆိုပါစာမေးပွဲကို မြို့နယ်အတွင်းရှိ စာသင်တိုက်အသီးသီးမှ ပထမကြီးတန်း ၂၄ ပါး၊ ပထမလတ်တန်း ၃၃ ပါး၊ ပထမငယ်တန်း ၆၅ ပါး၊ အခြေပြုမူလတန်း သံဃာ ၁၁၂ ပါး စုစုပေါင်းသံဃာတော်နှင့်သီလရှင် ၂၃၄ ပါးတို့က မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်အထိ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။ စာဖြေသံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား သက်ဆိုင်ရာတာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် လိုအပ်သည်များကို ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(ခြောင်းဆုံ)**

## ဇလွန်




ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ်လ ၂၉ ရက်တွင် မဟာအတုလဝေယံပြည်တော်ပြန် သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဇလွန်မြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲစတင်ဖြေဆိုရာတွင် ပထမကြီးတန်းသံဃာ ခုနစ်ပါး၊ ပထမလတ်တန်းသံဃာအပါး ၂၀၊ ပထမငယ်တန်းသံဃာ ၃၅ ပါး၊ အခြေပြုမူလတန်းသံဃာ ၃၅ ပါး စုစုပေါင်းစာဖြေသံဃာ ၉၇ ပါး ဝင်ရောက်ဖြေဆိုကြပြီး မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်အထိ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်း စာမေးပွဲများကိုနေ့ရက်အလိုက်ဘာသာရပ်စာမေးပွဲများ ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**

## ကန့်ဘလူ



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ်လ ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အဆိုပါစာမေးပွဲတွင် ပထမကြီးတန်း ခြောက်ပါး၊ ပထမလတ်တန်း ခြောက်ပါး၊ ပထမငယ်တန်း ၂၄ ပါးနှင့် အခြေပြုမူလတန်းအပါး ၄၀၊ သံဃာ၊ သီလရှင် စုစုပေါင်း ၇၆ ပါး ဝင်ရောက်ဖြေဆိုကြသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲကို ဧပြီလ ၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ စာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများ၊ စာမေးပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ မြို့နယ်သာသနာရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး စာမေးပွဲကာလအတွင်းမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုနှင့် မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ် လှူဒါန်းခြင်းများကို အလှည့်ကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မိသားစုရာဇဝင်ကြောင့်ဖြစ်နိုင်သော သွေးချိုဆီးချိုရောဂါအန္တရာယ်

ဒေါက်တာသိဂီကျော်

အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုနှုန်းသည် ငယ်ရွယ်သူများနှင့် သက်လတ်ပိုင်းအရွယ်များတွင် မြင့်တက်လာနေသည်။ အထူးသဖြင့် အမျိုးအစား -၂ သွေးချိုဆီးချိုရောဂါ မိသားစုရာဇဝင်ရှိသူများတွင် ပိုမိုဖြစ်ပွားနိုင်ကြောင်း တွေ့ရှိရသည်။ မိသားစုရာဇဝင်သည် အနာဂတ်တွင် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်ပွားရန် အပြင်းထန်ဆုံး အန္တရာယ်အချက်များထဲမှ တစ်ခုဖြစ်သည်။ လေ့လာမှုများအရ မိသားစုရာဇဝင်နှင့် သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေဆက်နွှယ်မှုသည် နှစ်ဆမှခြောက်ဆအထိ တိုးလာနိုင်ကြောင်းဖော်ပြခဲ့သည်။ သို့ဖြစ်၍ ငယ်ရွယ်သူများတွင် မိသားစုရာဇဝင်ကြောင့်ဖြစ်ပေါ်လာသော သွေးချိုဆီးချိုရောဂါအန္တရာယ်အကြောင်း အသိပညာပေးခြင်းသည် သွေးချိုဆီးချိုရောဂါကာကွယ်တားဆီးရေးကြိုးပမ်းမှုများကို အထောက်အကူဖြစ်စေနိုင်သည်။

မိသားစုတွင် သွေးချိုဆီးချိုရောဂါရာဇဝင်ရှိခြင်းသည် ရောဂါဖြစ်ပွားနိုင်ခြေကို သိသိသာသာမြင့်တက်စေပြီး လေ့လာမှုများအရ သွေးချိုဆီးချိုရောဂါရှိသူ ၆၀-၆၈.၈ ရာခိုင်နှုန်းတွင် အနည်းဆုံး မိသားစုဝင်တစ်ဦးရှိကြောင်း ပြသထားသည်။ မိဘ သို့မဟုတ် မောင်နှမတစ်ဦးဦးတွင် သွေးချိုဆီးချိုရောဂါဖြစ်ပွားပါက ဖြစ်နိုင်ခြေ ၇၆.၃ ရာခိုင်နှုန်းရှိပြီး အန္တရာယ်ပိုမိုမြင့်မားသည်။ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါရှိသူများ၏ ဆွေမျိုးများသည် ရောဂါဖြစ်ပွားနိုင်ခြေ သုံးဆပိုများသည်။

### မိသားစုရာဇဝင်အရ သွေးချိုဆီးချိုရောဂါ ဖြစ်ပွားမှုနှုန်းနှင့် အန္တရာယ်များ

သွေးချိုဆီးချိုရောဂါရှိသော မိခင်ရှိသူများသည် သွေးချိုဆီးချိုရောဂါရှိသော ဖခင်ရှိသူများနှင့် နှိုင်းယှဉ်ပါက ရောဂါဖြစ်ပွားမှုနှုန်းပိုများသည်။ မိခင်တွင် သွေးချိုဆီးချိုရောဂါရှိခြင်းသည် ကိုယ်ဝန်ဆောင်ဆီးချိုရောဂါဖြစ်နိုင်ခြေ ပိုများသည်။ သွေးချိုဆီးချိုရောဂါရှိသော မောင်နှမတစ်ဦးဦးရှိခြင်းသည် အဓိကအန္တရာယ်ဖြစ်နိုင်ခြေ အချက်တစ်ခုဖြစ်ပြီး တစ်ခါတစ်ရံတွင် မိဘရာဇဝင်၏သက်ရောက်မှုထက် ကျော်လွန်နိုင်သည်။ မိသားစုရာဇဝင်ကြောင့် ဖြစ်ပေါ်လာသောအန္တရာယ်သည် အမျိုးသားများအတွက် အမျိုးသမီးများထက် ပိုမိုများပြားသည်။ မိဘနှင့် မောင်နှမဖြစ်သောဆွေမျိုးအရင်းတစ်ဦးတည်းတွင် သွေးချိုဆီးချိုရောဂါရှိခြင်းသည် အန္တရာယ်ကို နှစ်ဆခန့်ပိုမြင့်တက်စေပြီး ဆွေမျိုးနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုလျှင် အန္တရာယ်ကို လေးဆကျော်မြင့်တက်စေသည်။ ထို့ပြင် မိသားစုရာဇဝင်ရှိသူများသည် အစောပိုင်းအသက်အရွယ်တွင် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုနှင့် သိသိသာသာဆက်စပ်နေကြောင်း တွေ့ရှိရသည်။

**"မိသားစုရာဇဝင်ရှိသူအားလုံးသည် သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေအန္တရာယ်များသော်လည်း မိဘတစ်ဦး သို့မဟုတ် နှစ်ဦးစလုံးတွင် သွေးချိုဆီးချိုရောဂါရှိကြောင်း ရောဂါရှာဖွေတွေ့ရှိသူများ၊ ဝမ်းဗိုက်အဝလွန်ခြင်း သို့မဟုတ် ခါးအရွယ်အစားတိုးလာသူများ၊ ပုံမှန်အလုပ်များကို ထိုင်၍လုပ်သူများ သို့မဟုတ် စားပွဲထိုင်အလုပ်လုပ်သူများ၊ ကိုယ်ဝန်ဆောင်ဆီးချိုရောဂါရာဇဝင်ရှိသောအမျိုးသမီးများ၊ သွေးတိုးရောဂါ သို့မဟုတ် ကိုလက်စထရောမြင့်မားသူ မည်သူမဆို ပိုမိုအာရုံစိုက်ရန်လိုအပ်သည် . . ."**

အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုသည် အကြောင်းရင်းများစွာကြောင့်ဖြစ်သော ရောဂါတစ်ခုဖြစ်ပြီး မျိုးရိုးဗီဇသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သော်လည်း ပတ်ဝန်းကျင်ဆိုင်ရာအချက်များ (လူနေမှုပုံစံ၊အစားအသောက်၊ အဝလွန်ခြင်း) ကြောင့် မကြာခဏဖြစ်ပေါ်လာခြင်းများစွာရှိသည်။ သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေ၏ ၂၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းသည် မျိုးရိုးဗီဇအချက်များကြောင့်ဖြစ်ပြီး ပတ်ဝန်းကျင်ဆိုင်ရာအချက်များ (အဝလွန်ခြင်း၊ ထိုင်၍နေထိုင်မှုပုံစံ) သည်လည်း အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း လေ့လာမှုများကဖော်ပြသည်။

ထို့ကြောင့် လူတစ်ဦးသည် မျိုးရိုးဗီဇဆိုင်ရာ သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေအန္တရာယ်မြင့်မားမှု အမွေဆက်ခံထားလျှင်တောင်မှ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်လာစေရန် ပတ်ဝန်းကျင်ဆိုင်ရာအစပျိုးမှုများ (ဥပမာ- ထိုင်၍နေထိုင်မှုပုံစံ၊ အစားအသောက်ညံ့ဖျင်းခြင်း၊ ကယ်လိုရီများလွန်ခြင်း) လိုအပ်လေ့ရှိသည်။

၂၀၁၇ ခုနှစ်က အင်္ဂလန်နိုင်ငံမှ Viner နှင့်အဖွဲ့သည် ငယ်ရွယ်သော သွေးချိုဆီးချိုရောဂါရှိသူများ၏ ၆၀ ရာခိုင်နှုန်းတွင် မိသားစုတစ်ဦးဦးနှင့် ၃၀ ရာခိုင်နှုန်းတွင် အဘိုး၊ အဘွားမိသားစုတစ်ဦးဦးတွင် သွေးချိုဆီးချိုရောဂါခံစားနေရသည်ကို တွေ့ရကြောင်း Lancet တွင် ဖော်ပြခဲ့သည်။ မိသားစုရာဇဝင်ရှိသော အိန္ဒိယလူဦးရေတွင်ပြုလုပ်ခဲ့သည့် လေ့လာမှုတစ်ခုအရ အမျိုးအစား -၂ သွေးချိုဆီးချိုရောဂါစတင်ဖြစ်ပွားသည့် ပျမ်းမျှအသက်မှာ ပထမမျိုးဆက်တွင် ၅၅.၉၅ နှစ်နှင့် ဒုတိယမျိုးဆက်တွင် ၃၈.၄ နှစ် အသီးသီးဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။

### ရောဂါလက္ခဏာများ

မိသားစုရာဇဝင်ရှိသောလူနာများသည် ကိုယ်အလေးချိန်နှင့် BMI မြင့်မားခြင်း၊ ခါးမှတင်ပါးအချိုးမြင့်မားခြင်း၊ HbA1c အဆင့်မြင့်မားခြင်းနှင့် သွေးပေါင်ချိန်မြင့်မားခြင်းတို့ကို မကြာခဏတွေ့ရလေ့ရှိသည်။ မိခင် သို့မဟုတ် မောင်နှမရာဇဝင်ရှိသူများသည် အင်ဆူလင်ထုတ်လွှတ်မှုနည်းပါးခြင်း သို့မဟုတ် အင်ဆူလင်ခံနိုင်ရည်ရှိခြင်းကြောင့် သွေးမှဆဲလ်များထဲသို့ သကြားဓာတ်ကိုရွှေ့ပြောင်းရန် မလုပ်ဆောင်နိုင်သောကြောင့် အချိန်ကြာလာသည်နှင့်အမျှ သွေးကြောထဲတွင် သကြားဓာတ်စုပုံလာခြင်းသည် ရောဂါလက္ခဏာများမပေါ်လာမီ နှစ်ပေါင်းများစွာရှိနေနိုင်သည်။

### အထူးဂရုစိုက်ရန် လိုအပ်သူများ

မိသားစုရာဇဝင်ရှိသူအားလုံးသည် သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေအန္တရာယ်များသော်လည်း မိဘတစ်ဦး သို့မဟုတ် နှစ်ဦးစလုံးတွင် သွေးချိုဆီးချိုရောဂါရှိကြောင်း ရောဂါရှာဖွေတွေ့ရှိသူများ၊ ဝမ်းဗိုက်အဝလွန်ခြင်း သို့မဟုတ် ခါးအရွယ်အစားတိုးလာသူများ၊ ပုံမှန်အလုပ်များကို ထိုင်၍လုပ်သူများ သို့မဟုတ် စားပွဲထိုင်အလုပ်လုပ်သူများ၊ ကိုယ်ဝန်ဆောင်ဆီးချိုရောဂါရာဇဝင်ရှိသောအမျိုးသမီးများ၊ သွေးတိုးရောဂါ သို့မဟုတ် ကိုလက်စထရောမြင့်မားသူ မည်သူမဆို ပိုမိုအာရုံစိုက်ရန်လိုအပ်သည်။ ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီး၌ လူနေမှုပုံစံပြောင်းလဲမှုများ လျင်မြန်စွာဖြစ်ပေါ်နေပြီး အသက် ၂၀ နှင့် ၃၀ ကြားရှိ လူငယ်များပင် သွေးချိုဆီးချိုရောဂါအန္တရာယ်ဇုန်သို့ မျှော်မှန်းထားသည်ထက် စောစီးစွာဝင်ရောက်နေကြောင်း တွေ့ရသည်။

### သွေးချိုဆီးချိုရောဂါအန္တရာယ်ကို စောင့်ကြည့်ရှာဖွေခြင်း

စောစီးစွာရှာဖွေတွေ့ရှိမှုသည် ကြီးမားသော ခြားနားချက်ကိုဖြစ်စေနိုင်သည်။ အစာရှောင်သော သွေးတွင်းသကြားဓာတ်၊ အစာစားပြီး နှစ်နာရီအကြာ သွေးတွင်းသကြားဓာတ်နှင့် HbA1c ကဲ့သို့သော ပုံမှန်သွေးစစ်ဆေးမှုများသည် သွေးချိုဆီးချိုရောဂါကို အစောပိုင်းအဆင့်တွင်ရှာဖွေရန် ကူညီပေးနိုင်သည်။ ကိုယ်အလေးချိန်၊ ခါးအရွယ်အစား၊ သွေးပေါင်ချိန်နှင့် သွေးတွင်းကိုလက်စထရောများကို စောင့်ကြည့်စစ်ဆေးခြင်းသည် အရေးကြီးသောစုံစမ်းစစ်ဆေးမှုများဖြစ်သည်။

### အန္တရာယ်များသောအုပ်စုများအတွက် အကြံပြုထားသောပုံမှန်စစ်ဆေးမှုများ

ခြောက်လမှ ၁၂ လတစ်ကြိမ် အစာရှောင်သော သွေးတွင်းသကြားဓာတ်ကိုစစ်ဆေးခြင်း၊ သုံးလကြာ ပျမ်းမျှသကြားဓာတ် HbA1c နှင့် သွေးတွင်းအဆီစစ်ဆေးခြင်း၊ ကိုယ်အလေးချိန်သာမက ခါးလုံးပတ်အတိုင်းအတာနှင့် သွေးပေါင်ချိန်တိုင်းခြင်း၊ နေ့စဉ်စွမ်းအင်သုံးစွဲမှုနှင့်အိပ်စက်မှုပုံစံများကို ကျန်းမာရေးနှင့်ညီညွတ်စေရန် တစ်သက်တာသတိပြုခြင်းတို့ လိုအပ်သည်။

### ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုအစွမ်းထက်သည်

သွေးချိုဆီးချိုရောဂါသည် မိသားစုများတွင်ဖြစ်ပွားနိုင်သော်လည်း အချိန်မီစောင့်ကြည့်စစ်ဆေးရှာဖွေခြင်းသည် ရောဂါကိုနှောင့်နှေးစေရန် သို့မဟုတ် ကာကွယ်ရန်အထောက်အကူပေးနိုင်သည်။ အဓိကအချက်မှာ သွေးချိုဆီးချိုရောဂါကို ကာကွယ်နိုင်သည့် ရိုးရှင်းသောလူနေမှုပုံစံအလေ့အထများကို ပြောင်းလဲမှုများသည် တစ်သမတ်တည်း ပုံမှန်ဖြစ်ရန်လိုအပ်သည်။

ဟင်းသီးဟင်းရွက်များ၊ ပဲအမျိုးမျိုးနှင့် ကောက်နှံစေ့များကဲ့သို့သော အမျှင်ဓာတ်ကြွယ်ဝသည့် အစားအစာများကိုပိုမိုစားသုံးခြင်း၊ သွေးတွင်းသကြားဓာတ်တည်ငြိမ်စေရန် အစားအစာတိုင်းတွင် ပရိုတင်းဓာတ်နှင့် သင့်လျော်သောအာဟာရများကို ထည့်သွင်းခြင်း၊ ပုံမှန် ၇-၈ နာရီ အိပ်စက်ခြင်း၊ ကြာမြင့်စွာထိုင်ချိန်ကိုလျှော့ချခြင်း၊ ရက်အများစုတွင် အနည်းဆုံး မိနစ် ၃၀ လမ်းလျှောက်ခြင်းနှင့် သွေးတွင်းသကြားဓာတ်ကို တိုက်ရိုက်သက်ရောက်မှုရှိသော စိတ်ဖိစီးမှုကိုစီမံခန့်ခွဲခြင်းကဲ့သို့ ရိုးရှင်းသောအလေ့အထများက သွေးချိုဆီးချိုရောဂါကိုကာကွယ်ရန် များစွာအထောက်အကူပြုနိုင်သည်။

### နောက်မျိုးဆက်အတွက် မိသားစုရာဇဝင်ကို ပြောင်းလဲခြင်း

မိသားစုရာဇဝင်သည် အမွေဆက်ခံထားသော အရာကဲ့သို့ ရွေးချယ်ခွင့်မရှိဘဲ မကြာခဏခံစားရလေ့ရှိသည်။ သို့သော် သတိရှိရှိစောင့်ကြည့်ရှာဖွေစစ်ဆေးခြင်း၊ ကျန်းမာသောကိုယ်အလေးချိန်နှင့် BMI ထိန်းသိမ်းခြင်း၊ ဝမ်းဗိုက်အဆီများကိုရှောင်ကြဉ်ရန် တက်ကြွစွာနေထိုင်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်စေရန် တစ်သက်တာသတိပြုစားသောက်ခြင်းတို့ကို လိုက်နာသောအခါ အချိန်ကြာလာသည်နှင့်အမျှ ထိုပြောင်းလဲမှုသည် အမြဲတမ်းဖြစ်နိုင်သည်ဟုထင်ရသောပုံစံများကို ပြောင်းလဲနိုင်ကြောင်း တွေ့ရသည်။

အချုပ်အားဖြင့်ဆိုရသော် မိသားစုရာဇဝင်သည် အနာဂတ် သွေးချိုဆီးချိုရောဂါအန္တရာယ်အတွက် အစောပိုင်းသတိပေးစနစ်တစ်ခုဖြစ်ပြီး ကြိုတင်ကာကွယ်နိုင်သော အခွင့်အရေးတစ်ခုလည်းဖြစ်သည်။ ဆင်ခြင်တုံတရားနှင့် စောစီးစွာစဉ်ဆက်မပြတ်ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်နိုင်ခြင်းကြောင့် အန္တရာယ်ရှိသောအချက်များကိုလျှော့ချနိုင်သည်။ မျိုးရိုးဗီဇသည် သွေးချိုဆီးချိုရောဂါလမ်းကြောင်းကို ဖန်တီးနိုင်သော်လည်း နေ့စဉ်အလေ့အကျင့်များက ရောဂါအဖြစ်ပြောင်းလဲသွားမည်လား သို့မဟုတ် ကာကွယ်နိုင်မည်လားဆိုသည်ကို ဆုံးဖြတ်ပေးနိုင်ခြင်းကြောင့် ရေရှည်သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေကို သိသိသာသာလျှော့ချပေးနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

---

## ဘားအံခရိုင် လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီရေးဆွဲနည်းပြိုင်ပွဲကျင်းပ



ဘားအံ မတ် ၁၀

ကရင်ပြည်နယ် ဘားအံမြို့ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပန်းချီရေးဆွဲနည်း အခြေခံသဘောတရားများနှင့် အရောင်အသုံးပြုပုံများကိုသိရှိစေရန် ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်ပြီး သင်တန်းသား၊ သင်တန်းသူများ၏ အခြေခံပန်းချီရေးဆွဲနည်းပြိုင်ပွဲကို မတ်လ ၁၀ ရက်တွင် ကျင်းပကြောင်း သိရသည်။

အဆိုပါ အခြေခံပန်းချီရေးဆွဲနည်းပြိုင်ပွဲ၌ ပန်းချီဆရာ ဦးစောနောင်စိုးက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများက အခြေခံပညာမူလတန်းအဆင့်တွင် ကျွန်ုပ်အနှစ်သက်ဆုံးပန်းချီခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်တွင် လူငယ်နှင့်စာကြည့်တိုက် ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြရာ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုနှစ်ဆုရွေးချယ်၍ ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

# အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်သို့ ပေးပို့လှူဒါန်းသည့် ငလျင်အပြီး အဆောက်အအုံများစစ်ဆေးရန် အသုံးပြုမည့်ကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ



ရန်ကုန် မတ် ၃၀

အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်သို့ ပေးပို့လှူဒါန်းသည့် ငလျင်အပြီး အဆောက်အအုံများစစ်ဆေးရန် အသုံးပြုမည့်ကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရှိ Function Hall ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Abhay Thakur က အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဆန်းကြူက လှူဒါန်းသည့် အဆောက်အအုံစစ်ဆေးခြင်းအတွက် စက်ပစ္စည်းအသုံးပြုမှု နည်းပညာဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပစ္စည်းကိရိယာများနှင့် စာရွက်စာတမ်းများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ကာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ရှိ မြန်မာနိုင်ငံငလျင်ကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်ဆန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက "ဒီနေ့လှူဒါန်းတဲ့ပစ္စည်းတွေကို အိန္ဒိယကနေ ရန်ကုန်ဆိပ်ကမ်းရောက်အောင် သံရုံးအစီအစဉ်နဲ့ဆောင်ရွက်ပေးခဲ့တာပါ။ မတ်လ ၂၄ ရက်မှာ ကျွန်တော်တို့ အင်ဂျင်နီယာအသင်းချုပ်ရုံးကိုရောက်ပါတယ်။ လှူဒါန်းတဲ့ပစ္စည်းက ၁၁ မျိုးပါဝင်ပြီး တန်ဖိုးက အိန္ဒိယရူပီးသန်းပေါင်း ၂၀ ကျော်ဖြစ်ပြီး မြန်မာငွေတန်ဖိုးအနေနဲ့ ကျပ်သိန်းပေါင်းတစ်သောင်းကျော်တန်ဖိုးရှိပါတယ်။ အခုလိုလှူဒါန်းပေးတဲ့အတွက် အိန္ဒိယသမ္မတနိုင်ငံနဲ့ အိန္ဒိယပြည်သူပြည်သားတွေ၊ သံအမတ်ကြီးနဲ့တကွ သံရုံးကတာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အခိုပွာယ်ရှိတဲ့ ပံ့ပိုးကူညီမှုဟာ စေတနာကောင်းကိုသာမက မြန်မာနိုင်ငံနဲ့ အိန္ဒိယနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုခိုင်မာပြီး ရေရှည်တည်တံ့တဲ့ မိတ်ဖက်ဆက်ဆံရေးကိုလည်း ထင်ဟပ်စေပါတယ်" ဟု ပြောသည်။

ယနေ့လှူဒါန်းသည့် စက်ယန္တရားနှင့် ပစ္စည်းကိရိယာများတွင် မြေကြီးထိုးဖောက်စစ်ဆေးရေးရေဒါစက် (Ground Penetration Radar)၊ Lidar စကန်နာပါသော တက်ပလက် (Tablet / iPad with Lidar Scanner)၊ လေဗယ်တိုင်းတာရေး လေဆာစက်(Levelling Laser)၊ ဒစ်ဂျစ်တယ် ရေညှိတန်းတိုင်းကိရိယာ (၁ မီတာ) ( Digital Spirit Level 1M Length)၊ အတိုင်းအတာတိုင်းကိရိယာ (Vernier Clipper)၊ အကွာအဝေးတိုင်းတာရေး လေဆာစက် အများဆုံးအကွာအဝေး (Distance Laser Max)၊ ကွန်ကရစ်ခိုင်ခံ့မှုစမ်းသပ်ဟမ်မာ(Rebound Hammer)၊ တိုင်းတာရေးစက် (Total Station)၊ ကွန်ပျူတာ(Computer)နှင့်ဆက်စပ်ပစ္စည်းများပါဝင်ပြီး ဘေးအန္တရာယ်မတိုင်မီနှင့် ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အဆောက်အအုံ အကဲဖြတ်ခြင်းများအတွက် အသုံးပြုနိုင်သည့်စက်ယန္တရားနှင့် ပစ္စည်းကိရိယာများဖြစ်ကြောင်းသိရသည်။

မြဝတီ

# ကျောက်တံခါးမြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ

ကျောက်တံခါး မတ် ၃၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှကြီးမှူး၍ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူးက နွေရာသီအားကစားသင်တန်းများမှတစ်ဆင့် မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်လေ့ကျင့်ပေးပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ်သို့ ပြုစုပျိုးထောင်လေ့ကျင့်ပေးသွားနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများက သင်တန်းတစ်ခုချင်းအလိုက် သရုပ်ပြကစားကြသည်။

ထို့နောက် သင်တန်းသားများအား မြို့နယ်အားကစားမှူးနှင့် ဌာနဆိုင်ရာတာဝန်ခံများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုငွေပေးအပ်သည်။

အဆိုပါ သင်တန်းများတွင် အလေးမ၊ အေရိုးဗစ်၊ Fitness Dance နှင့် ဘောလုံးအားကစားနည်းများကို သက်ဆိုင်ရာနည်းပြများက သင်တန်းသား၊ သင်တန်းသူ ၁၅၀ ဦးအား လက်တွေ့လေ့ကျင့်သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလမှာ မတ်လ ၁ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကလိန်အောင်မြို့၌ ငရုတ်သီးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း



ကလိန်အောင် မတ် ၃၀

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ ငရုတ်သီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း စိုက်ပျိုးတောင်သူများထံမှ သိရသည်။

ကလိန်အောင်မြို့၌ အများဆုံးစိုက်သော ငရုတ်မျိုးမှာ မိုးမျှော်ငရုတ်သီးကို အဓိကထား၍ တစ်နှစ်ပတ်လုံး ရာသီမရွေးစိုက်ပျိုးကြပြီး ငရုတ်ပင်စိုက်ပျိုးမည့်မြေအား ပြုပြင်ရာတွင် ပေါင်းမြက်ကင်းစင်ကြေညက်သည်အထိ ပြုပြင်ရပြီး မြေအား နွားချေး၊ မြေဆွေး စသည့် သဘာဝဓာတ်မြေဩဇာနှင့် ယူရီးယား၊ တီစူပါ၊ ပိုတက်မြေဩဇာများကို အချိုးကျ သမအောင်ရောမွှေ၍ မြေခံအဖြစ် ထည့်သွင်းစိုက်ပျိုးရကြောင်း၊ ကလိန်အောင်မြို့၌ ထွက်ရှိသည့် ငရုတ်သီးများကို မြို့ပေါ်ဈေးတွင် ရောင်းချရသကဲ့သို့ ကိုင်းခြံများတွင် လာရောက်၍ဝယ်ယူကြကြောင်းသိရသည်။

(၄၁၂)

## နှစ်သစ်ဆုတောင်း

✤ အတာနှစ်ဦး၊ တန်ခူးရောက်ပြီ
ကံ့ကော်ပိတောက်၊ ကြိုင်လှောက်တဲ့ရာသီ
ဝင်းဖန့်သိင်္ဂီ၊ မွှေးအီထုံသင်း။
သိမ်မွေ့ညင်သာ တိုက်ခတ်လာ
နွေခါလေပြေ(ပြည်)ညင်းသည်နှင့်လေး။

✤ ပြည်သူချင်းချင်း၊ ချစ်ခြင်းဝေစည်
မဟာသင်္ကြန်ပွဲ၊ ဆင်နွှဲပျော်ကြသည်
တူးပို့သံညီ၊ ခွန်းသီနှုတ်ဖျား။
သပြေခက်ဖြာ ရေပက်မှာ
နံ့သာငွေဖလားငယ်နှင့်လေး။

✤ ကျောင်းကန်ဘုရား၊ ဝပ်တွားကော်ရော်
ဘိုးဘွားမိဘ၊ ဦးချလို့ပူဇော်
ရေချိုးခေါင်းလျှော်၊ ရွှင်ပျော်ကြည်နူး။
ယဉ်ကျေးကြသူ စိတ်ရင်းဖြူ
မွေးကြူအလှထူးသည်နှင့်လေး။

✤ နှစ်ကူးချိန်ရောက်၊ ထွန်းတောက်ဂုဏ်ဝါ
ကျက်သရေပွားတိုး၊ မျိုးရိုးတို့မြန်မာ
အေးချမ်းသာယာ၊ မေတ္တာဖြူလွှ။
အောင်နိမိတ်ဖြာ အောင်ဟိတ်သာ
ဘေးဘယာကင်းပသည်နှင့်လေး။

✤ ဥပုသ်သီလ၊ ပွားကြဘာဝနာ
ကုသိုလ်ဒါန၊ ပြုကြပြန်တာ
တိုးပွားသဓ္ဓါ၊ ရင်မှာပွင့်လန်း။
စိတ်ရင်းမြတ်သည် တို့ရွှေပြည်
စုံညီအလှဆန်းသည်နှင့်လေး။

✤ အတာရေစင်သွန်းဖျန်း
ရည်မှန်းဆုတောင်းသည်။
မြန်မာပြေ(ပြည်)လျှင်ငြိမ်းချမ်း
ရွှင်လန်းစေတော့မည်။ ။

သက်ဦးခင်

## MWD Education, Knowledge & Sports Channel ၃၁-၃-၂၀၂၆ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၅ | အားကစားနည်းသမိုင်းကြောင်း မြှားပစ်အားကစားနည်း |
| ၂။ | ၁၂:၀၅ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ ဆတ်အကြောင်းသိကောင်းစရာ |
| ၃။ | ၂၀:၀၅ | Countries OF the World ပြင်သစ်နိုင်ငံအကြောင်း |



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုဖူးမြော်စဉ်။

# မြိတ်မြို့၊ မော်တောင်ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များနှင့်သာသနာ့နွယ်ဝင် သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၂၀

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မော်တောင်ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ အဆိုပါစာသင်တိုက်ရှိ သံဃာတော် ၆၀ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင်၁၅ ပါးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေးဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စာသင်တိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းများဖွင့်လှစ်



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ကျောင်းသား၊ ကျောင်းသူများ ကွန်ပျူတာအခြေခံသင်တန်း သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။


နေပြည်တော် မတ် ၂၀

အမှတ်(၂)အခြေခံပညာနှင့် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ အလုံတပ်မြို့ရှိ ကျောင်းသား/ကျောင်းသူများအတွက် ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် အဖွဲ့ဝင်များ၊ အရာရှိစစ်သည်၊ မိသားစုဝင်များ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းသား/ကျောင်းသူများ သင်တန်းများဖွင့်လှစ်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းများ၌ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား/သင်တန်းသူ ၆၀ ဦး၊ အင်္ဂလိပ်စကားပြောသင်တန်းကို သင်တန်းသား/သင်တန်းသူ ၄၀ ဦးနှင့် ကွန်ပျူတာအခြေခံသင်တန်းကို သင်တန်းသား/သင်တန်းသူ ၄၀ ဦးတို့ဖြင့် ဧပြီလ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အစိုးရဓမ္မာစရိယနှင့်ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေသည့် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း



အစိုးရဓမ္မာစရိယနှင့်ပါဠိပထမပြန်စာမေးပွဲဖြေဆိုနေသည့် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို တွေ့ရစဉ်။

နေပြည်တော် မတ် ၂၀

သာသနာနှစ် ၂၅၆၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲဖြေဆိုခြင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံတွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်မှ ဧပြီလ ၄ ရက်အထိ ဖြေဆိုကျင်းပလျက်ရှိသည်။

ထိုသို့ စာမေးပွဲဖြေဆိုနေမှုကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များက လှည့်လည်ဖူးမြော်ကြည်ညိုပြီး သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ စုစုပေါင်း ၁၁၇၈ ပါးအတွက် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ ဓမ္မာရုံဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါစာမေးပွဲဖြေဆိုရာတွင်ဓမ္မာစရိယ ပါဠိဂုဏ်ထူး သံဃာ/သီလရှင် ၁၂ ပါး၊ ပါဠိပထမပြန်အကြီးတန်းသံဃာ/သီလရှင် ၆၅ ပါး၊ အလတ်တန်းသံဃာ/ သီလရှင် ၁၇၂ ပါး၊ အငယ်တန်းသံဃာ/သီလရှင် ၃၀၆ ပါး၊ မူလတန်းသံဃာ/သီလရှင် ၆၆၈ ပါးတို့ ဖြေဆိုလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ယဉ်ကျေးလိမ္မာသင်တန်း၊ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းများဖွင့်လှစ်




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး သင်တန်းသားတစ်ဦးအား အထောက်အကူပြုပစ္စည်းများပေးအပ်စဉ်။

နေပြည်တော် မတ် ၂၀

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို စနစ်တကျအသုံးချပြီး မိမိတို့အတွက် အကျိုးရှိစေမည့် ယဉ်ကျေးလိမ္မာမှုများကို လေ့လာသင်ယူနိုင်ရန်၊ မင်္ဂလသုတ်တော်အပါအဝင် အခြားသိသင့်သိထိုက်သည့် ဘာသာရေးဗဟုသုတများအား စိတ်နှလုံးတွင် ကိန်းအောင်းနေစေရန်၊ ယဉ်ကျေးလိမ္မာသည့်သားကောင်း/သမီးကောင်းများအဖြစ် သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက် အကျိုးပြုနိုင်သည့် ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အသိပညာ၊ အတတ်ပညာတိုးပွားစေရန် ရည်ရွယ်၍ ယဉ်ကျေးလိမ္မာသင်တန်း၊ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ/စစ်သည် မိသားစုများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းအလိုက် အထောက်အကူပြုပစ္စည်းများ ပေးအပ်ပြီး သင်တန်းသား/ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးရှိ တပ်ရင်း/တပ်ဖွဲ့များ၌လည်း အဆိုပါသင်တန်းများကိုဖွင့်လှစ်ပြီး တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်သင်တန်းများတွင် သင်တန်းသား/သင်တန်းသူ စုစုပေါင်း ၈၆၃၉ ဦးဖြင့် သင်တန်းကာလ ရက်သတ္တ ၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကျင်းပ




သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

**နေပြည်တော် မတ် ၂၀**

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ဒုတိယသမ္မတ လောင်းများအဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီထံတင်ပြခြင်း၊ ဒုတိယသမ္မတ လောင်းများအမည်စာရင်းကို ကြေညာခြင်း၊ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၆၃ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၆၁ ဦးတက်ရောက်ပြီး တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၂၄ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏အတည်ပြုချက် ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ဒုတိယသမ္မတလောင်း အမည်စာရင်းကို အဆိုပြုတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ဒုတိယ သမ္မတလောင်းအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေးက အဆိုတင်သွင်းရာ ပင်လောင်းမဲဆန္ဒနယ်မှ နန်းရီရီဝင်းက ထောက်ခံကြောင်း လွှတ်တော်သို့တင်ပြသည်။

အလားတူ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေကို ဒုတိယသမ္မတ လောင်းအဖြစ်ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦးက အဆိုတင်သွင်းရာ စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးမိုးတင်ကထောက်ခံကြောင်း လွှတ်တော်သို့တင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတလောင်းများ၏အဆိုပြုလွှာပုံစံ(၁)ကို အချက်အလက် ပြည့်စုံစွာဖြည့်သွင်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြကြပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို အက္ခရာစဉ်အလိုက် ကြေညာရာ (၁) ဒေါက်တာကျော်ဆွေ တောင်တွင်းကြီး မဲဆန္ဒနယ်နှင့် (၂) ဗိုလ်ချုပ်မှူးကြီးမင်းအောင် လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေး ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအရည် အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အား ရွေးချယ်ကြရာ လှည်းကူးမဲဆန္ဒနယ်မှ ဦးခင်မောင်စိုးကို မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက အဆိုတင်သွင်းပြီး ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာ သန့်ဇော်လွင်က ထောက်ခံတင်ပြ သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံမှုရှိ၊ မရှိ စိစစ်ရေးအဖွဲ့တွင် အဖွဲ့ဝင် အဖြစ် တစ်ဦးတည်းကိုသာ လွှတ်တော်က အဆိုပြုတင်သွင်းသည့်အတွက် လှည်းကူး မဲဆန္ဒနယ်မှ ဦးခင်မောင်စိုးကို စိစစ်ရေး အဖွဲ့ဝင်အဖြစ်ရွေးချယ်ကြောင်း အတည်ပြု ကြေညာသည်။

အဆိုပါ ဒုတိယသမ္မတလောင်း အဆိုပြု လွှာများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်နိုင်ရန်နှင့် ဒုတိယ သမ္မတလောင်းများအမည်စာရင်း ပြုစုနိုင်ရန် အစုအဖွဲ့အစည်းအဝေး ပထမနေ့ကို ရပ်နား လိုက်ပြီး အစုအဖွဲ့အစည်းအဝေး ဒုတိယ နေ့ကို မတ်လ ၂၁ ရက်**(ယနေ့)** နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ပထမနေ့တွင် တက်ရောက်ကြောင်းလက်မှတ်ရေးထိုးစဉ်။

# လှိုင်ကော်မြို့၌ နွေရာသီသင်တန်းများဆင်း၊ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**လှိုင်ကော် မတ် ၂၀**

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး ကျင်းပသော အခြေခံပညာကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီယဉ်ကျေးလိမ္မာ၊ အင်္ဂလိပ်စာ၊ ပန်းချီသင်တန်းများ ဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ယဉ်ကျေးလိမ္မာသင်တန်းမှ ကျောင်းသား၊ ကျောင်းသူများက "မင်္ဂလာရှိသောနေ့သစ်ဆီသို့" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြများနှင့် အကြီးတန်းအဆင့် ယဉ်ကျေးလိမ္မာရေးဖြေသင်တန်း၊ အထက်တန်းအဆင့် အင်္ဂလိပ်စာသင်တန်း၊ အလယ်တန်းအဆင့် အင်္ဂလိပ်စာသင်တန်းနှင့် အကြီးတန်းအဆင့် ပန်းချီသင်တန်းတို့တွင် ပထမဆုရရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက်ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတစ်ဦးက ဆုရကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ပညာရေးမှူးက သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ လှိုင်ကော်မြို့ ကန္ဒရဝတီဂေါက်ကွင်း၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်အတွင်းရေးမှူး၊ ကန္ဒရဝတီ ဂေါက်ကလပ်နာယကနှင့် တာဝန်ရှိသူတစ်ဦးတို့က ပြိုင်ပွဲကို Smoke ball ရိုက်ဖွင့်လှစ်ပေးပြီး ကျင်းပရာ ကစားသမား ၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင်ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အကြီးတန်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို လည်းကောင်း၊ တာဝန်ရှိသူများက ဆုရရှိသည့် ဂေါက်သီးရိုက်အားကစားသမားများကိုလည်းကောင်း ဆုတံဆိပ်နှင့် ဆုပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

**လေကောင်းလေသန့်ရသောပတ်ဝန်းကျင်တွင် လမ်းလျှောက်ရင်း အသက်ရှုလေ့ကျင့်ခန်းများပြုလုပ်ပေးပါ။**

# သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် မတ် ၁၀

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးအောင်လင်းဒွေးက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၁၅၇ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဦးစွာ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်းအဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာပုံစံကို အခမ်းအနားမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတလောင်းအမည်စာရင်း အဆိုပြုလွှာပုံစံ(၁)ကို တင်သွင်းကြရာ ကရင်ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးကို ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှသိန်းက အဆိုတင်သွင်းပြီး ကယားပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၁) မှဦးရှားရယ်က ထောက်ခံတင်သွင်းသည်။

ဆက်လက်၍ ကချင်ပြည်နယ်အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါက်တာ မနာမ် တူးဂျာကို တနင်္သာရီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းအေး (ခ)ဦးတင်ဦးက အဆိုတင်သွင်းပြီး မကွေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောသွင်နှင့် မွန်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးရဲထွဋ်အောင်တို့က ထောက်ခံတင်သွင်းကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများအဖြစ် ကရင်ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးနှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါက်တာမနာမ် တူးဂျာတို့ကို အမည်စာရင်းတင်သွင်းကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံမှုရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ကို ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော လွှတ်တော်နှစ်ရပ်၏ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့ဖြင့် ဖွဲ့စည်းရမည်ဖြစ်သောကြောင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က စိစစ်ရေးအဖွဲ့ဝင်တစ်ဦးကို ရွေးချယ်ပေးရန်အတွက် အဆိုပြုလွှာပုံစံများကို အခမ်းအနားမှူးထံမှ ထုတ်ယူပြီး အဆိုပြုကြရန်ကြေညာသည်။

ဆက်လက်၍ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသောအရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ၊ မရှိစိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာပုံစံကို အခမ်းအနားမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှသိန်းကို ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်တင်မြင့်က အမည်စာရင်းတင်သွင်းပြီး ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်ထွန်းက ထောက်ခံတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမည်တင်သွင်းခံရသူတစ်ဦးတည်းသာရှိသဖြင့် ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှသိန်းကို နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံမှုရှိ၊ မရှိ စိစစ်နိုင်ရန်စိစစ်ရေးအဖွဲ့ဝင်အဖြစ်ရွေးချယ်ကြောင်း ကြေညာသည်။

ယင်းနောက် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို မတ်လ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကျင်းပစဉ်။


သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့သို့တက်ရောက်လာကြစဉ်။

# ငဖဲမြို့နယ်၌ မန်းချောင်းရေလှောင်တမံဆည်ရေဖြင့် နွေစပါး ၄၆၄ ဧကစိုက်ပျိုးပြီးစီး

ငဖဲ မတ် ၁၀

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ဒေသတွင်း ဆန်စပါးဖူလုံပိုလျှံစေရေး အတွက် ၂၀၂၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင်တမံဆည်ရေဖြင့် နွေစပါး ၄၆၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းသိရသည်။

၂၀၂၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ အဆင်ပြေစွာ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက်မန်းချောင်းရေလှောင်တမံဆည်ရေဖြင့် ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်၍ လက်ဝဲမြောင်းမကြီးမှ ၁၀၇၁ ဧကနှင့်လက်ယာမြောင်းမကြီးမှ ဧက ၂၀၀ စုစုပေါင်း ၁၂၇၁ ဧကလျာထားစိုက်ပျိုးမည့် ကျေးရွာအုပ်စုများရှိ လယ်ယာမြေများသို့ နွေစပါးများစိုက်ပျိုးရန် စိုက်ပျိုးရေများဖြန့်ဝေပေးလျက်ရှိကြောင်း၊ စိုက်ပျိုးပြီးစီးသည့်စပါးမျိုးများမှာ အောင်နိုင်တိုး ၅၈ ဧက၊ မနော သုခ ၂၆ ဧက၊ ရတနာတိုး ၅၁ ဧကနှင့် ဆင်းသုခ ၃၂၉ ဧက စုစုပေါင်း ၄၆၄ ဧကလျာထားစိုက်ပျိုးပြီးစီးပြီး လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်းစားရေရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစိုက်စွမ်းအားတိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိရာ နွေသီးနှံများစိုက်ပျိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ကျန်းမာသန်စွမ်းသောစပါးပင်များရရှိရန်အတွက် မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၊ မြေညှိခြင်း၊ ရေသွင်းရေထုတ်မကြာခဏပြုလုပ်ခြင်း၊ ဘက်စုံမျှတသော ဓာတ်မြေဩဇာ အသုံးပြုခြင်းနှင့် မိမိစပါးခင်းကို ပုံမှန်ကွင်းဆင်းစစ်ဆေးကြရန် စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်ကွင်းဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မယု(ငဖဲ)

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

နန်းသီရိကျော်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ယနေ့ခေတ် ကမ္ဘာ့အရေးအပါဆုံး စိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အတွက်လည်း အခြေခံအုတ်မြစ်ဖြစ်သည်။ နိုင်ငံတော်သာယာဝပြောရေးဆိုသည်မှာ စီးပွားရေးတိုးတက်မှုနှုန်းကို တိုင်းတာခြင်းသက်သက်မဟုတ်ဘဲ နိုင်ငံသားတိုင်း၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ပျော်ရွှင်ချမ်းမြေ့မှုကိုပါ အာမခံနိုင်ခြင်းကိုဆိုလိုသည်။ ယင်းပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် သယံဇာတကြွယ်ဝသော မြေ၊ သန့်ရှင်းလတ်ဆတ်သော ရေနှင့်လေတို့သည် မရှိမဖြစ်လိုအပ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို မျက်ကွယ်ပြုပါက ထိုတိုးတက်မှုသည် ရေတိုအကျိုးစီးပွားသာဖြစ်စေပြီး ရေရှည်တွင် နိုင်ငံတော်၏အနာဂတ်ကို ထိခိုက်စေမည်မှာ မလွဲကေန်ပင်ဖြစ်သည်။



မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) အရ **“ပတ်ဝန်းကျင်”** ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ပါဝင်သည့် လူသားပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့်အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်းဆိုသည်ဟု ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ပတ်ဝန်းကျင်အမျိုးအစားမှာ လူလုပ်ပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဟူ၍နှစ်မျိုးရှိသည်။ လူလုပ်ပတ်ဝန်းကျင်တွင် သမိုင်းအချက်အလက်များ၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များ ပါဝင်ပြီး သဘာဝပတ်ဝန်းကျင်တွင် မြေထု၊ ရေထု၊ လေထု၊ ဇီဝထု (အပင်များ/ သတ္တဝါများ) ပါဝင်သည်။ သို့ဖြစ်ပါ၍ သဘာဝပတ်ဝန်းကျင်သည် ကျွန်ုပ်တို့လူသားများအတွက် အောက်ဆီဂျင်ထုတ်လုပ်ပေးခြင်း၊ သန့်ရှင်းသောရေ၊ အစားအစာ၊ ဆေးဝါးတို့ကို လုံလောက်စွာ ပေးအပ်ခြင်းနှင့် စိုက်ပျိုးရေးအတွက် မြေဆီလွှာကိုပေးအပ်ခြင်း စသည့်မရေမတွက်နိုင်သော ဝန်ဆောင်မှုများကို အခမဲ့ပေးစွမ်းနေသည်။ ဤဝန်ဆောင်မှုများကို ဂေဟစနစ်ဝန်ဆောင်မှုများ (Ecosystem Services) ဟုခေါ်ဆိုသည်။ ဥပမာအားဖြင့် သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ဖျက်ပေးသည့်အပြင် ရေကြီးရေလျှံမှုကို ကာကွယ်ပေးသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းသည် ကျွန်ုပ်တို့၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုအတွက် ကြီးမားသောအတားအဆီးများဖန်တီးပေးသည်။ သစ်တောပြုန်းတီးမှုနှင့် မြေဆီလွှာတိုက်စားမှုများကြောင့် စိုက်ပျိုးမြေများ အရည်အသွေးကျဆင်းလာသည်။ ဤအချက်သည် စားရေရိက္ခာထုတ်လုပ်မှုကို ထိခိုက်စေပြီး နိုင်ငံသားများအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အစားအစာဖူလုံမှုကို ခြိမ်းခြောက်နေသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးအဓိကမောင်းနှင်အားဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြေဆီလွှာအရည်အသွေးကျဆင်းခြင်းသည် နိုင်ငံတော်ဝင်ငွေကို တိုက်ရိုက်ထိခိုက်စေသည်။ ထို့ပြင် စက်မှုလုပ်ငန်းများမှ စွန့်ပစ်သော အညစ်အကြေးများကြောင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ ညစ်ညမ်းလာရာ ရေထွက်ပစ္စည်းများ ထုတ်လုပ်မှုကို ထိခိုက်စေပြီး ဒေသခံရေလုပ်ငန်းရှင်များ၏ စီးပွားရေးကိုပါ ထိခိုက်စေသည်။

လေထုနှင့် ရေထုညစ်ညမ်းမှုသည် နိုင်ငံသားများ၏ ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်စေသည့် အဓိကအကြောင်းရင်းဖြစ်လာသည်။ ညစ်ညမ်းသောလေကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ကင်ဆာရောဂါများ ပိုမိုဖြစ်ပွားလာပြီး ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်မြင့်မားခြင်းတို့ကိုဖြစ်စေသည်။ ထို့ပြင် သန့်ရှင်းသော သောက်သုံးရေပြတ်လပ်မှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများပျံ့နှံ့နိုင်ကာ လူ့အဖွဲ့အစည်း၏ ပျမ်းမျှသက်တမ်းနှင့်အရည်အသွေးကို လျော့ကျစေသည်။ ကျန်းမာသောနိုင်ငံသားများသာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အပြည့်အဝပါဝင်နိုင်မည်ဖြစ်ပြီး **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၄)** အခန်း (၈)၊ နည်းဥပဒေ ၄၅ နှင့် ၄၆ တို့တွင် ပတ်ဝန်းကျင်အရည်အသွေးကို ထိန်းချုပ်ရန်အတွက် လိုအပ်သည့် စံချိန်စံညွှန်းအမျိုးအစားများ သတ်မှတ်ထားခြင်းသည် နိုင်ငံသားများ၏ ကျန်းမာရေးကိုကာကွယ်ရန် အဓိကရည်ရွယ်သည်။

ဂေဟစနစ်များပျက်စီးခြင်းသည် ရာသီဥတုပြောင်းလဲမှုကို ပိုမိုဆိုးရွားစေသည်။ သစ်တောများ မရှိတော့သည့်အခါ မိုးသည်းထန်စွာရွာသွန်းပါက ရေကိုထိန်းသိမ်းထားနိုင်စွမ်းမရှိတော့ဘဲ ရေကြီးရေလျှံမှုများ အလွယ်တကူဖြစ်ပွားလာသည်။ ထို့အတူ ပင်လယ်ကမ်းရိုးတန်းရှိ ဒီရေတောများ ပြုန်းတီးသွားပါက မုန်တိုင်းဒဏ်မှကာကွယ်ပေးမည့် သဘာဝအတားအဆီးများပျောက်ကွယ်သွားရာ ကမ်းရိုးတန်းဒေသများ ပိုမိုအန္တရာယ်များလာသည်။ သဘာဝဘေးအန္တရာယ်များ မကြာခဏဖြစ်ပွားခြင်းသည် နိုင်ငံတော်၏ဘတ်ဂျက်ကိုထိခိုက်စေပြီး ပြန်လည်ထူထောင်ရေးကုန်ကျစရိတ်များ မြင့်မားလာစေသည်။

နိုင်ငံတော်သာယာဝပြောစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီမှ အစိုးရအဖွဲ့အထိ အဆင့်တိုင်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည်။ နိုင်ငံတော်သည် ဤစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ခိုင်မာသောမူဝါဒနှင့် မဟာဗျူဟာများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာဖြစ်သည့် **“မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း” (MSDP) (၂၀၁၈–၂၀၃၀)**သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို နိုင်ငံတော်၏ အဓိကအာရုံစိုက်ရာကဏ္ဍအဖြစ် သတ်မှတ်ထားသည်။ MSDP ၏ မဏ္ဍိုင်(၃) **“ ပြည်သူများနှင့် ကမ္ဘာမြေ ”** တွင် ရည်မှန်းချက်(၅) အနေဖြင့် “နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်” ဟု ထည့်သွင်းထားသည်။

နိုင်ငံတော်သာယာဝပြောရေးကို တိုက်ရိုက်ခြိမ်းခြောက်နေသည့် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ရန်အတွက် **မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (MCCMP) (၂၀၁၈–၂၀၃၀)**ကို ချမှတ်ထားသည်။ မဟာဗျူဟာ၏ ရေရှည်မျှော်မှန်းချက်မှာ ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်များ ကျန်းမာပျော်ရွှင်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အားလုံးပါဝင်သည့် ရေရှည်တည်တံ့၍ ချမ်းသာကြွယ်ဝမှုရှိကာ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော လူမှုအဖွဲ့အစည်းတစ်ရပ်ပေါ်ထွန်းလာသည့် မြန်မာနိုင်ငံအဖြစ် ပြောင်းလဲရန်ဖြစ်သည်။ ဤမျှော်မှန်းချက်ကို မီးရှူးတန်ဆောင်အဖြစ်ထားရှိကာ နောင် ၁၃ နှစ်တာကာလအတွင်း အစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ပြည်သူ–ပုဂ္ဂလိကကဏ္ဍနှင့်လူမှုအဖွဲ့အစည်းများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် အားထုတ်ကြိုးပမ်းသွားရမည်ဖြစ်သည်ဟု ဖော်ပြပါရှိသည်။

နိုင်ငံသားတိုင်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာမြှင့်တင်ခြင်းနှင့် တာဝန်ယူမှုအားကောင်းစေခြင်းသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သည်။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၄)** အခန်း (၃) နည်းဥပဒေ (၆) အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ လုပ်ပိုင်ခွင့်အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစည်းရုံးမှုများနှင့် လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်းနှင့် ကျောင်းသင်ခန်းစာများတွင်ပါဝင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး သင်ခန်းစာများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်ရန် အကြံပြုခြင်းတို့ပါဝင်သည်။

ပြည်သူလူထုက ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို စောင့်ကြည့်သတင်းပို့ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ခြင်းဖြင့်သာ ထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်မည်ဖြစ်သည်။ ဥပမာအားဖြင့် ရေနှင့်လျှပ်စစ်ဓာတ်အားကို ချွေတာသုံးစွဲခြင်း၊ ပလတ်စတစ်ကဲ့သို့ပတ်ဝန်းကျင်ကို ထိခိုက်စေသောပစ္စည်းများသုံးစွဲမှုကို လျှော့ချခြင်း (Reduce, Reuse, Recycle) စသည့် တစ်ဦးချင်းတာဝန်ယူမှုဖြင့်စတင်နိုင်သည်။

နိုင်ငံတော်သာယာဝပြောရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးသည်ခွဲခြား၍မရသည့် အပြန်အလှန်မှီခိုနေသော အရာနှစ်ခုဖြစ်သည်။ သဘာဝပတ်ဝန်းကျင်၏ အရင်းအမြစ်များကို ကုန်ခန်းအောင်၊ ပျက်စီးအောင် အလွန်အကျွံအသုံးချနေမည့်အစား လက်ရှိလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်အကြား ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့်သာ ရေရှည်တည်တံ့ခိုင်မြဲသော နိုင်ငံတော်တည်ဆောက်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ လက်ရှိလုပ်ရပ်များသည် အနာဂတ်မျိုးဆက်သစ်များ၏ဘဝများကို တိုက်ရိုက်သက်ရောက်မှုရှိနေသည်ကို အမြဲသတိပြုရမည်။ နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်များသည် သန့်ရှင်းသောလေ၊ ကြည်လင်သောရေနှင့် စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်ကို ထိုက်တန်စွာ ခံစားပိုင်ခွင့်ရှိသည်။ ထိုခံစားပိုင်ခွင့်ကို ထိန်းသိမ်းပေးရန် ယနေ့မှစ၍ ကျွန်ုပ်တို့တစ်ဦးချင်းစီသည် မိမိတို့၏ အခန်းကဏ္ဍမှတာဝန်ယူကာ သဘာဝတရားကြီး၏ တန်ဖိုးကို သိရှိနားလည်၍ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ကိုတန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ။

**■ နိုင်ငံတော်သာယာဝပြောရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးသည် ခွဲခြား၍မရသည့် အပြန်အလှန်မှီခိုနေသော အရာနှစ်ခုဖြစ်သည်။ သဘာဝပတ်ဝန်းကျင်၏ အရင်းအမြစ်များကို ကုန်ခန်းအောင်၊ ပျက်စီးအောင် အလွန်အကျွံအသုံးချနေမည့်အစား လက်ရှိလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်အကြား ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့်သာ ရေရှည်တည်တံ့ခိုင်မြဲသော နိုင်ငံတော်တည်ဆောက်နိုင်မည်ဖြစ် . . .**

☆ **စာမျက်နှာ ၁၅ မှအဆက်**

ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က အတည်ပြုပြဋ္ဌာန်းထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်သွားမှာဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ "အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန်" တာဝန်ပေးထားသည့်အတွက် ယခုတာဝန်များကို သစ္စာရှိရှိကျေပွန်စွာဖြင့် ဆက်လက်ကြိုးပမ်းထမ်းဆောင်သွားမည် ဖြစ်ပါကြောင်း၊ **နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းကိုဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် တာဝန်များကိုထမ်းဆောင်သွားမည်ဖြစ်**ပါကြောင်း၊ **နိုင်ငံတော်အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်**ပါကြောင်း။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချမှတ်ထားသည့် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့်ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်သုံးပြီး တိုက်စွမ်းအားနှင့်တိုက်စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ "ပြည်သူသာအမိ၊ ပြည်သူသာအဖ" ဆိုသည့် မူဝါဒကိုလိုက်နာပြီး တပ်နှင့်ပြည်သူ တစ်သားတည်းဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးကို အကောင်းဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်နှင့်ခေါင်းဆောင်အဆက်ဆက်က အမြော်အမြင်ရှိရှိ ချမှတ်ထားခဲ့သော "မွန်မြတ်သည့် လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းပြီး တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်သွားကြရန်" ဆိုသည့် တိုက်တွန်းမှာကြားမှုကို အလေးအနက်လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ **တပ်မတော်၏ကောင်းမြတ်သည့် သမိုင်းအစဉ်အလာများကိုဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်က အားထားရသောတပ်မတော်၊ ပြည်သူလူထုကအားကိုးရသောတပ်မတော်ဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်ကို အလေးအနက်ထားပြောကြားလို**ပါကြောင်း။

မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလတစ်လျှောက်လုံးတွင် ပေးအပ်သည့် အမိန့်နှင့်တာဝန်များကို ဦးလည်မသုန် ကျေပွန်စွာကြိုးပမ်းထမ်းဆောင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ယုံကြည်စွာတာဝန်ပေးအပ်ခဲ့သည့် တပ်မတော်အကြီးအကဲများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ **အထက်အကြီးအကဲများ၏ယုံကြည်မှုနှင့်ထိုက်တန်စွာ နိုင်ငံတော်အကျိုး၊ တပ်မတော်အကျိုးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းထမ်းဆောင်သွားမည်ကို ကတိပြုအပ်**ပါကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်တာဝန်လက်ခံထမ်းဆောင်သူ ဗိုလ်ချုပ်ကြီး ဧယျကျော်ထင် စည်သူရဲဝင်းဦးတို့သည် ဂုဏ်ပြုတပ်ခွဲ၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ခွဲက စစ်ကြောင်းပုံပြုချီတက်အလေးပြု၍ ပြန်လည်ထွက်ခွာသည်။

ယင်းနောက် မြန်မာ့တပ်မတော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များအား လွှဲပြောင်းပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏တာဝန်များအား လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်သည့်ဗိုလ်ချုပ်ကြီး ဧယျကျော်ထင် စည်သူရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာတို့သည်အခမ်းအနားတက်ရောက်လာကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၎င်းနောက် မြန်မာ့တပ်မတော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များအား လွှဲပြောင်းပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ရုံးဌာနအသီးသီးမှ ဂါရဝပြုပေးအပ်သည့် အမှတ်တရလက်ဆောင်ပစ္စည်းများအား ကြည့်ရှုကြသည်။

ထို့နောက် မြန်မာ့တပ်မတော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များအား လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ လိုက်ပါလာသည့် မော်တော်ယာဉ်သည် ဧယျာသီရိဗိမာန်မှ ပြန်လည်ထွက်ခွာရာ ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးခတ်သီဆိုမှုနှင့်အတူ ဂုဏ်ပြုမြင်းစီးတပ်ဖွဲ့မှ လိုက်ပါချီတက်၍ စစ်ရေးပြအခမ်းအနားဖြင့် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယနေ့ကျင်းပပြုလုပ်သည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာ့တပ်မတော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)


## အစိုးရဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၃၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတွင်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ကို စာဖြေဌာန ၂၀၄ ဌာနတွင်လည်းကောင်း ဆက်လက်ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲအဋ္ဌမနေ့တွင် စာဖြေစာရင်းသွင်း ၄၃၀ ပါး/ဦးအနက် ၂၇၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၆၄ ဒသမ ၁၉ ရာခိုင်နှုန်းဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယနေ့တွင် စာရင်းသွင်း ၆၁၇၀၃ ပါး/ဦးအနက် ၅၁၄၃၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၃၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ မြဝတီ

## ပဲခူးမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်အား လမ်းလျှောက်သင်္ကြန်နှင့် ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်



ပဲခူး မတ် ၃၀

ပဲခူးမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား လမ်းလျှောက်သင်္ကြန်အဖြစ်ပြုလုပ်သွားမည်ဖြစ်သည့်အပြင် ဗဟိုမဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများ၊ ဖျော်ဖြေရေးများဖြင့်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ယခုအခါ ပဲခူးမြို့ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက်တိုင်းဒေသကြီးအစိုးရရုံးရှေ့၌ဗဟိုမဏ္ဍပ်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဗဟိုမဏ္ဍပ်၌ ထည့်သွင်းပြုလုပ်မည့် ယိမ်းအကပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ဌာနဆိုင်ရာကိုယ်စားပြု ယိမ်းအဖွဲ့များနှင့် ရပ်ကွက်နှင့်ကျေးရွာကိုယ်စားပြုယိမ်းအဖွဲ့များက ယိမ်းအကတိုက်ခြင်းများဆောင်ရွက်လျက်ရှိသည်။

ပဲခူးမြို့ မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်အား ဆေးရုံလမ်းနှင့် ပြည်တော်သာလမ်းတစ်လျှောက် ကျင်းပသွားမည်ဖြစ်ပြီး ယိမ်းအကပြိုင်ပွဲများအနေဖြင့် ဌာနဆိုင်ရာကိုယ်စားပြုယိမ်းအဖွဲ့ ခုနစ်ဖွဲ့၊ ရပ်ကွက်/ကျေးရွာကိုယ်စားပြုယိမ်းအဖွဲ့ ၁၂ ဖွဲ့၊ စုစုပေါင်း ယိမ်းအဖွဲ့ ၁၉ ဖွဲ့တို့ဖြင့် ယှဉ်ပြိုင်ဖျော်ဖြေကြမည်ဖြစ်သည်။

ပဲခူးမြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ဗဟိုမဏ္ဍပ်၌ နေ့စဉ်နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တေးဂီတဖျော်ဖြေရေးအစီအစဉ်များ၊ ဌာနဆိုင်ရာနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေယှဉ်ပြိုင်မှုများ၊ စတုဒိသာဧည့်ခံကျွေးမွေးရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး ရေကစားသူပြည်သူများအနေဖြင့် ပဲခူးမြို့ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တို့၌ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ (၄၁၀)

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁) ရက် (ဗုဒ္ဓဟူးနေ့)သည် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁˚c | / | ၃၈˚c |
| ရန်ကုန် | ၂၂˚c | / | ၃၉˚c |
| မန္တလေး | ၂၄˚c | / | ၃၈˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ၃၀-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## နေ့အပူချိန်များအနည်းငယ်တိုးလာနိုင်

နေပြည်တော် မတ် ၃၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

(မိုး/ဇလ)





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် တာဝန်လက်ခံထမ်းဆောင်သူ ဗိုလ်ချုပ်ကြီး ဧေယျကျော်ထင် စည်သူရဲဝင်းဦးတို့အား ဂုဏ်ပြုတပ်ခွဲက စစ်ကြောင်းပုံပြချီတက်အလေးပြုစဉ်။



မြန်မာ့တပ်မတော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏တာဝန်များအား လွှဲပြောင်းပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားတက်ရောက်လာကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**❖ မျိုးဆက်သစ် တပ်မတော်ခေါင်းဆောင်များအနေနှင့်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့၏ ဦးဆောင်မှုအောက်တွင် တပ်မတော်၏တာဝန်များကို စုစည်းညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက် . . .**

**❖ ကမ္ဘာတည်သရွေ့ မြန်မာတည်ရမည်၊ မြန်မာတည်သရွေ့ မြန်မာ့တပ်မတော်တည်ရှိရမည်၊ ကောင်းမြတ်သည့် တပ်မတော်၏သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်က အားထားရသော၊ ပြည်သူလူထုကအားကိုးရသော တပ်မတော်အဖြစ် ဆက်လက်ရပ်တည်သွားကြပါဟု ဆန္ဒပြု . . .**

☆ **စာမျက်နှာ ၁၇ မှအဆက်**

ဂုဏ်ပြုအဆောင်အယောင်ဓားကို ဂါရဝပြုပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များအား လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်သည့် ဗိုလ်ချုပ်ကြီး ဧေယျကျော်ထင် စည်သူရဲဝင်းဦးက မိန့်ခွန်းပြောကြားရာတွင် လက်ရှိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ယူခဲ့သည့် ၁၅ နှစ်တာကာလအတွင်း ခေတ်မီတပ်မတော်(Standard Army) တည်ဆောက်ရေးလုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော် လုပ်ဆောင်ခဲ့ပါကြောင်း၊ **မိမိအနေဖြင့်လည်း တပ်မတော်ကို သမားရိုးကျစစ်ဆင်နွှဲနိုင်သည့်၊ တိုက်စွမ်းရည်နှင့်တိုက်စွမ်းအားရှိသည့် ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ရည်မှန်းချက်ထားဖွဲ့စည်းတည်ဆောက်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

တပ်မတော်အနေဖြင့်ခေတ်အဆက်ဆက်တွင် ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူထားကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားဖြစ်သည့်

**စာမျက်နှာ ၁၄ သို့** ☆



မြန်မာ့တပ်မတော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏တာဝန်များအား လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ လိုက်ပါလာသည့်မော်တော်ယာဉ် ဧေယျာသီရိဗိမာန်မှ ပြန်လည်ထွက်ခွာရာ ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးခတ်သီဆိုမှုနှင့်အတူ ဂုဏ်ပြုမြင်းစီးတပ်ဖွဲ့က လိုက်ပါချီတက်၍ စစ်ရေးပြအခမ်းအနားဖြင့် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

★ **ရှေ့ဖုံးမှအဆက်**

တို့သည် အလေးပြုခံစင်မြင့်တွင်နေရာယူကြပြီး ဂုဏ်ပြုတပ်ခွဲ၏အလေးပြုခြင်းကို ခံယူသည်။

ထိုသို့ ဂုဏ်ပြုတပ်ခွဲ၏အလေးပြုခြင်းကို ခံယူနေချိန်တွင် ဂုဏ်ပြုအမြောက်တပ်ဖွဲ့မှလည်း အမြောက် ၁၉ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။

ထို့နောက် လက်ရှိမြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ခွဲအား စစ်ဆေးသည်။



လက်ရှိမြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဂုဏ်ပြုတပ်ခွဲအားစစ်ဆေးစဉ်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က ဂုဏ်ပြုမိန့်ခွန်းပြောကြားရာတွင် ယနေ့သည် တပ်မတော်ထဲကို စတင်ဝင်ရောက်ခဲ့သည့် ၁၉၇၄ ခုနှစ်အချိန်ကဆိုပါက ရာထူးတာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်မှာ ၅၂ နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ လွန်ခဲ့သည့် ၁၅ နှစ်၊ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တပ်မတော်အကြီးအကဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ယုံကြည်စွာဖြင့် တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည့် ယခုတာဝန်ကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးဖြစ်အောင် ကျေပွန်စွာထမ်းဆောင်ခဲ့ကြောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းအပါအဝင် ခေတ်အဆက်ဆက် တပ်မတော်ခေါင်းဆောင်ကြီးများ မျှော်မှန်းတည်ဆောက်ခဲ့သည့်အတိုင်း အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်ခဲ့ကြောင်း၊ ထိုသို့တည်ဆောက်သည့်နေရာတွင် ယခင်တပ်မတော်အကြီးအကဲများ၏ လမ်းညွှန်ဆုံးမသြဝါဒများ၊ ဖြတ်သန်းခဲ့ရသည့်ဘဝအတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး အကောင်းဆုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း တပ်မတော်၏ စွမ်းရည်မြင့်မားရေး၊ နိုင်ငံတကာတပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်ရေးတို့ကို အတိုင်းအတာတစ်ရပ်အထိ ရောက်အောင် မြှင့်တင်စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း။



လက်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်
လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦးထံသို့
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆောင်အယောင်ဓားကိုလွှဲပြောင်းပေးအပ်စဉ်။

❖ **ဗိုလ်ချုပ်ကြီးနေဝင်းအပါအဝင် ခေတ်အဆက်ဆက် တပ်မတော်ခေါင်းဆောင်ကြီးများ မျှော်မှန်းတည်ဆောက်ခဲ့သည့်အတိုင်း အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်ခဲ့၊ ထိုသို့တည်ဆောက်သည့်နေရာတွင် ယခင်တပ်မတော်အကြီးအကဲများ၏ လမ်းညွှန်ဆုံးမသြဝါဒများ၊ ဖြတ်သန်းခဲ့ရသည့်ဘဝအတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး အကောင်းဆုံးဆောင်ရွက်ခဲ့ခြင်းဖြစ် . . .**

❖ **တပ်မတော်၏ စွမ်းရည်မြင့်မားရေး၊ နိုင်ငံတကာ တပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်ရေးတို့ကို အတိုင်းအတာတစ်ရပ်အထိရောက်အောင် မြှင့်တင်စွမ်းဆောင်ပေးနိုင်ခဲ့ . . .**

ထို့အပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ လက်ရုံးတပ်ဖွဲ့များအတွက် တိုးတက်ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်နိုင်ခဲ့ပြီး ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ဆက်တွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍများစွာ ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နေချိန်အတွင်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများစွာ ဖြစ်ပေါ်ခဲ့သည်ကို ဖြေရှင်းဆောင်ရွက်ပေးရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသောတာဝန်နှင့်အညီ တပ်မတော်မှ အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း ဖြေရှင်းမပေးဘဲ နိုင်ငံတော်အာဏာကို အတင်းအဓမ္မနည်းဖြင့် ရယူရန်ကြိုးစားခဲ့ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကိုပါ ပူးတွဲထမ်းဆောင်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရမှုသည် အားလုံးမျှော်လင့်မထားသည့် နိုင်ငံရေး



ဂုဏ်ပြုအမြောက်တပ်ဖွဲ့က အမြောက် ၁၉ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်စဉ်။



ရေးမှူး၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ်တာဝန်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) တာဝန်တို့ကို တက်တက်ကြွကြွ ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူကြောင်း။

ထို့ကြောင့် ယခုလက်ရှိတာဝန်ယူထားသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်များကို ယနေ့တွင် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးထံကို လွှဲပြောင်းပေးအပ်လိုက်ပါကြောင်း၊ နိုင်ငံတော်၊ ပြည်သူလူထုနဲ့ တပ်မတော်၏ အကျိုး၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျရာနေရာကနေ ဆက်လက်အကျိုးပြုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်ထဲ စတင်ဝင်ရောက်စဉ်ကတည်းက တွေ့ကြုံခဲ့ရသည့် တပ်မတော်အထူးကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

မျိုးဆက်သစ် တပ်မတော်ခေါင်းဆောင်များအနေနှင့်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့၏ ဦးဆောင်မှုအောက်တွင် တပ်မတော်၏ တာဝန်များကို စုစည်းညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ ကမ္ဘာတည်သရွေ့ မြန်မာတည်ရမည်၊ မြန်မာတည်သရွေ့ မြန်မာ့တပ်မတော် တည်ရှိရမည်၊ ကောင်းမြတ်သည့် တပ်မတော်၏ သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်က အားထားရသော၊ ပြည်သူလူထုက အားကိုးရသော တပ်မတော်အဖြစ်ဆက်လက်ရပ်တည်သွားကြပါဟု ဆန္ဒပြု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဂုဏ်ပြုမိန့်ခွန်းပြောကြားစဉ်။



အလှည့်အပြောင်းကြီးဖြစ်ကြောင်း၊ အဆိုပါကာလက နိုင်ငံတော်တွင် ကိုဗစ်-၁၉ ကပ်ရောဂါအပြင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားခဲ့ပြီး ပြည်တွင်းဆူပူအုံကြွမှုမျိုးစုံ၊ ပြည်ပက သွေးထိုးလှုံ့ဆော်မှုမျိုးစုံနှင့် အခက်ခဲအကျပ်တည်းဆုံး အချိန်များကို ကြုံတွေ့ဖြတ်သန်းခဲ့ရကြောင်း၊ အဆိုပါ အခက်အခဲများကို တပ်နှင့်ပြည်သူလက်တွဲပြီး အားလုံးစုစည်းညီညွတ်စွာဖြင့် အကောင်းဆုံးကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲအဖြစ် သန့်သန့်ရှင်းရှင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သဖြင့် မကြာမီအချိန်တွင် လွှတ်တော်မှရွေးချယ်တင်မြှောက်သည့်နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အစိုးရသစ်ကို နိုင်ငံတော်တာဝန်များ လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း။

ထိုသို့ နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့သည့် အခြေအနေများတွင် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီတွဲဖက်အတွင်းရေးမှူး၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ တွဲဖက် အမှုဆောင်ချုပ်၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်း ခေါင်းဆောင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ပြီးနောက် လက်တွဲလုပ်ဆောင်ခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို



မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များအား လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်သည့် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦးက မိန့်ခွန်းပြောကြားစဉ်။

ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းက ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦးအား ကာကွယ်ရေးဦးစီးချုပ်ရုံး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရာထူးခန့်အပ်ကြောင်း ခန့်အပ်လွှာအား ဖတ်ကြားတင်ပြသည်။

ထို့နောက် လက်ရှိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦးထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆောင်အယောင်ဓားနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အလံတို့ကို လွှဲပြောင်းပေးအပ်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဦးစီးကွပ်ကဲမှုတံဆိပ်ကို တပ်ဆင်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်လက်ခံထမ်းဆောင်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦးက တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည့် ယခင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ **စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Ceremonial military parade honoring the succession of the duties of the Commander-in-Chief of Defence Services of the Republic of the Union of Myanmar held



Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing delivers an address at the ceremony.

NAY PYI TAW March 30

A ceremonial military parade honoring the succession of the duties of the Commander-in-Chief of Defence Services of the Republic of the Union of Myanmar took place at Zeyathiri Beikman in Nay Pyi Taw this morning.

Ushered by two vanguard officers, Commander-in-Chief of Defence Services of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing and his successor Commander-in-Chief (Army) General Zeya Kyaw Htin Sithu Ye Win Oo arrived at the venue.

Then the Commander-in-Chief of Defence Services and the successor took their positions on the dais and took the salute of Guard of Honour, while the ceremonial artillery unit gave a 19-gunsalute in honour of the ceremony.

The Commander-in-Chief of Defence Services inspected the Guard of Honour.

In his honorary address, Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing stated that today marks 52 years of his military service in various positions since joining the Tatmadaw in 1974. He noted that fifteen years ago, on March 30, 2011, Senior General Than Shwe and other senior military leaders entrusted him with the appointment of Commander-in-Chief of Defence Services. Since then, he has served to the best of his physical and intellectual abilities, striving to build a strong, efficient, and modern patriotic Tatmadaw, as envisioned by past leaders such as General Ne Win. In doing so, he combined the guidance of former leaders with practical experience to enhance the Tatmadaw's capabilities and bring its standing closer to that of international armed forces.



Senior General Min Aung Hlaing attaches an insignia to General Ye Win Oo.

The Senior General highlighted that he implemented progressive reforms across the Army, Navy, and Air Force while supporting national development throughout two successive democratic administrations. He stated that although the Tatmadaw repeatedly attempted to resolve the vote-rigging issues of the 2020 general election through constitutional means, these efforts were ignored in favor of attempts to seize State power by force. Consequently, the Tatmadaw declared a State of emergency and assumed State duties alongside its standard military functions.This period marked an unexpected political turning point. During this time, the country faced natural disasters, internal disturbances, and external instigation, all while navigating the COVID-19 pandemic. However, through unity and cooperation, the Tatmadaw and the people overcame these hardships. Following the successful conduct of the 2025 multi-party democracy general election in a free and fair manner, State duties will soon be transferred to a new government led by a President chosen through parliamentary elections.

The Senior General then honored General Ye Win Oo for his energetic service in multiple high-level roles, including Joint



Senior General Min Aung Hlaing accepts the honorary sword.

See Page - 19►►

►► From Page - 18


Secretary of the State Administration Council, Joint Executive Chief of National Defence and Security Council, Chief of Military Security Affairs and Commander-in-Chief (Army).

Finally, the Senior General announced the transfer of his duties as Commander-in-Chief of Defence Services to General Ye Win Oo, effective today. He pledged to continue serving the interests of the nation and the military from any assigned position. He expressed his gratitude to the leaders and colleagues he has worked with since 1974.

He concluded by urging the new generation of leaders to serve with harmony under General Ye Win Oo's command, wishing for the continued glory and reliability of the Tatmadaw as an institution for the nation.

Subsequently, Military Appointment General Lt-Gen Zeya Kyaw Htin Htein Win read out and presented the appointment letter, announcing the appointment of the Commander-in-Chief (Army) General Zeya Kyaw Htin Sithu Ye Win Oo as the Commander-in-Chief of Defence Services at the Office of the Commander-in-Chief of Defence Services.

After that, the current Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing transferred the ceremonial sword of the Commander-in-Chief of Defence Services and the flag of the Office of the Commander-in-Chief of Defence Services to the incoming Commander-in-Chief (Army) General Zeya Kyaw Htin Sithu Ye Win Oo, who would assume the duties of the Commander-in-Chief of Defence Services, and also pinned the command insignia of the Commander-in-Chief of Defence Services on him.



Senior General Min Aung Hlaing and Daw Kyu Kyu Hla being escorted by honorary mounted troops.

Subsequently, the new Commander-in-Chief of Defence Services, General Zeya Kyaw Htin Sithu Ye Win Oo, who assumed the role, respectfully returned a ceremonial honour sword to the former Commander-in-Chief of Defence Services, Senior General Min Aung Hlaing, who had handed over the duties.

Then, in his speech upon assuming the duties of the Commander-in-Chief of Defence Services of the Myanmar Tatmadaw, General Zeya Kyaw Htin Sithu Ye Win Oo stated that during the 15-year tenure of the outgoing Commander-in-Chief, systematic efforts had been made to build a modern, standard army. He added that he would continue striving to build the Tatmadaw into a modern force capable of conventional warfare, with combat power and capability.

He reaffirmed that the Tatmadaw has consistently upheld Our Three Main National Causes across generations. He vowed to continue preserving and protecting these Three Main National Causes, which serve the national interest. He pledged to protect the Constitution of the Republic of the Union of Myanmar (2008) and, as mandated by the Constitution — to safeguard the Constitution, prevent the disintegration of the Union, prevent the disintegration of national solidarity, ensure sovereignty, and protect a genuine, disciplined multi-party democracy — he would faithfully and diligently carry out these duties. He also stated that alongside the government, he would work towards national development and continue advancing the democratic path desired by the entire people, fully cooperate with the government in building domestic peace, and follow the motto set by Senior General Min Aung Hlaing — "Study, Practice, Comply" — to build a Tatmadaw with combat power and capability. He would also follow the policy of "Mother Figure People, Father Figure People" to achieve unity between the military and the people, improve civil-military relations, and implement internal and external mobilization effectively.

He emphasized that he would seriously heed the call of the state and successive leaders to "preserve the noble handed-down heritage and continue to enhance the honour of the Tatmadaw and the nation," maintain the fine traditions of the military, and strive to make the Tatmadaw one that the state trusts and the people rely on.

He expressed that throughout his service, he had diligently fulfilled all orders and duties without fail. He expressed special gratitude to the senior leadership of the Tatmadaw for entrusting him with the role of Commander-in-Chief of Defence Services. He pledged to use all his physical and intellectual abilities to serve the interests of the state and the military, deserving of the trust placed in him by his superiors.

After that, Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing, who had handed over the duties, and General Zeya Kyaw Htin Sithu Ye Win Oo, who assumed them, received salutes from the honour guard. The honour guard then performed a march-past salute as they departed.

Subsequently, Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing and his wife Daw Kyu Kyu Hla, and General Zeya Kyaw Htin Sithu Ye Win Oo and his wife Daw Nilar, warmly greeted senior military officers from the Office of the Commander-in-Chief of Defence Services and their wives, along with invited guests who attended the ceremony.

After that, Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing and his wife Daw Kyu Kyu Hla viewed the commemorative gifts presented respectfully by various departments of the Office of the Commander-in-Chief of Defence Services.

Then, as the motorcade carrying Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing and his wife Daw Kyu Kyu Hla departed from Zeya Thiri Beikman, the honour military band played, and the honour cavalry escort accompanied them with a parade, bidding farewell with a military ceremonial send-off.

The ceremony for the handover and assumption of duties of the Commander-in-Chief of Defence Services of the Republic of the Union of Myanmar, held today, was attended by Deputy Commander-in-Chief of Defence Services Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win and his wife Daw Than Than Nwe, Union Ministers and their wives, and senior military officers from the Office of the Commander-in-Chief of Defence Services and their wives.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

●● From Page - 21

and military training, with the aim of ensuring the welfare of Tatmadaw members and their families—including livelihood, health, and education—as well as achieving operational success with minimal casualties and losses. While there may be both successes and setbacks in the execution of duties, the most important objective has been to build a Tatmadaw that is progressively improving and one that the people can rely on in accordance with the policies and directives set by senior leaders, and through cooperation based on mutual understanding, tolerance, and empathy. If such cooperation—grounded in responsibility, respect, goodwill, understanding, and compassion—continues in the future, the Tatmadaw will remain a youthful and dynamic force, one that is respected internationally and trusted, relied upon, respected, and cherished by the people. Upholding the motto: Mother Figure People, Father Figure People, the Vice-Senior General affirmed that he will always remain ready and willing to serve whenever the Tatmadaw requires in the future.

Then, Military Appointment-General Lt-Gen Zeya Kyaw Htin Htein Win read out the appointment of Chief of General Staff (Army, Navy and Air) General Zeya Kyaw Htin Thray Sithu Kyaw Swa Lin as the Deputy Commander-in-Chief of Defence Services and Commander-in-Chief (Army) of the Office of the Commander-in-Chief of Defence Services jointly.

Afterward, incumbent Deputy Commander-in-Chief of Defence Services Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win handed over the insignia sword of the Deputy Commander-in-Chief of Defence Services and the flag of the Office of the Deputy Commander-in-Chief of Defence Services to Chief of General Staff (Army, Navy and Air) General Zeya Kyaw Htin Thray Sithu Kyaw Swa Lin, who would take over the duties of the Deputy Commander-in-Chief of Defence Services and fastened him with the insignia of the command of the Deputy Commander-in-Chief of Defence Services.

Then, Deputy Commander-in-Chief of Defence Services General Zeya Kyaw Htin Thray Sithu Kyaw Swa Lin, who took over duties of the Deputy Commander-in-Chief of Defence Services, respectfully presented an honorary insignia sword to former Deputy Commander-in-Chief of Defence Services Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win, who handed over his duties.

Afterward, Deputy Commander-in-Chief of Defence Services Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win, who handed over his duties, and General Zeya Kyaw Htin Thray Sithu Kyaw Swa Lin, who took over the duties took the salute of the company of guard of honour, which left the ceremony after saluting them in a military formation.

Then, Deputy Commander-in-Chief of Defence Services Vice-Senior General Thiri Pyan-chi Maha Thray Sithu Soe Win, who handed over the duties of the Deputy Commander-in-Chief of Defence Services of the Myanmar Tatmadaw, and his wife Daw Than Than Nwe and General Zeya Kyaw Htin Thray Sithu Kyaw Swa Lin, who took over the duties, and his wife Dr Nan Ku Ku cordially greeted senior military officers from the Office of the Commander-in-Chief of Defence Services and their wives and invited guests.

Afterward, Deputy Commander-in-Chief of Defence Services Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win, who handed over the duties of the Deputy Commander-in-Chief of Defence Services of the Myanmar Tatmadaw, and his wife Daw Than Than Nwe observed the honorary gifts presented by respective departments of the Office of the Commander-in-Chief of Defence Services and posed for documentary photographs with attendees.

Then, the limousine carrying Deputy Commander-in-Chief of Defence Services Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win, who handed over the duties of the Deputy Commander-in-Chief of Defence Services of the Myanmar Tatmadaw, and his wife Daw Than Than Nwe left Zeyathiri Beikman while the State Honorary Military Band farewelled them by playing music.

Present at the parade ceremony were senior military officers from the Office of the Commander-in-Chief of Defence Services and their wives.

**100**

# Thabaung Township cultivates more than 4,000 acres of kitchen crops this cold season

THABAUNG March 30

Local farmers from Thabaung Township of Ayeyawady Region planted kitchen crops on 4,452 acres of croplands in the township this year, according to Pathein District Agriculture Department.

In Thabaung Township, during this year's winter cropping season, a total of 4,579 acres of assorted kitchen crops were targeted for cultivation starting from the first week of November 2025. As of today, 4,452 acres have already been planted.

"In Thabaung Township, we have set a target to cultivate 4,579 acres of various crops during this winter season. To ensure that the planted crops are free from pest hazards and meet market demand, the Agriculture Department has conducted field-level farmer education and provided technical and other necessary support prior to planting. This year, we are mainly cultivating crops that are regionally suitable and have strong market demand," said Daw Aye Aye Mu, Head of the Pathein District Agriculture Department.

Among the 4,452 acres of kitchen crops planted are cauliflower, coriander, spinach, radish, yard-long bean, eggplant, gourd, papaya, water spinach, roselle, bitter gourd, and okra. To ensure successful cultivation, prevent pest infestations, and minimize losses due to natural disasters and other causes, the Agriculture Department is conducting on-site farmer education and extension activities.

**SK**

# Trading of croaker fish high at domestic market

KYONPYAW March 30

"Local businesspersons in Kyonpyaw Township of Ayeyawady Region participated in trading of croaker fish in the domestic market with high demand," said Daw Thuza Lin, the owner of the fishery product trading depot in Kyonpyaw Township.

In Kyonpyaw Township, trading activity at the local fish market has been strong since the first week of January this year and has continued up to the present, with healthy demand and brisk sales reported. croaker fish are being traded at volumes of up to 5,000 viss per day.

"Among seafood products, croaker fish are seeing particularly strong sales. Although they are among the higher-priced fish varieties, trading remains active. This is believed to be due to increased consumer demand. Sales are taking place not only within the local market but also in the Yangon market. The main reason is strong buying interest from Yangon for croaker fish supplied from this area. Croaker fish are regularly arriving at local wholesale depots, and the fish delivered to these depots are fresh. As exports increase, those involved in the fisheries sector are finding improved livelihoods," said Daw Thuza Lin, a seafood trader from Kyonpyaw Township.

Seafood traders in Kyonpyaw Township purchase locally produced seafood, including croaker fish, systematically inspect and clean them, and then distribute and transport them for sale to purchasing markets. The market price of croaker fish is currently between Ks-18,000 and Ks-22,000 per viss.

**SMK**

# KhinU Township plants more than 1,000 acres of wheat

KHINU March 30

According to the Township Agriculture Department, local farmers of KhinU Township in Sagaing Region planted more than 1,000 acres of wheat as cold season crop this year.

During the 2025-2026 winter cropping season, KhinU Township has planned to cultivate 2,788 acres of wheat. Wheat cultivation began in October 2025, and as of now, 1,012 acres have already been planted, according to reports.

"In the winter cropping season in KhinU Township, we have set a target of cultivating more than 2,000 acres of wheat. To date, over 1,000 acres have been successfully planted. We are continuing efforts to meet the planned acreage target. With regard to wheat cultivation, we are conducting awareness-raising discussions with farmers. We are providing guidance on irrigation, fertilizer application, and weed control to increase wheat yields. We are also encouraging the use of high-quality and pure seed varieties to improve production," said U Nay Win Naing, Head of the Township Department of Agriculture in KhinU.

In KhinU Township, measures will be implemented during the cropping season to ensure that all winter crops are cultivated in line with planned acreage targets, to improve wheat yields, to systematically produce high-quality wheat, and to prevent pest infestations, it is reported.

For wheat cultivation, the cost of planting one acre is estimated at around Ks-300,000. One acre of wheat yields approximately 21 baskets. Wheat is planted annually during October, November, and December, and harvested during February, March, and April, according to available information.

**SK**

# Military parade to hand over duties of the Deputy Commander-in-Chief of Defence Services of the Republic of the Union of Myanmar held



Vice-Senior General Soe Win presents the honorary sword.

NAY PYI TAW March 30

A ceremonial military parade to hand over duties of the Deputy Commander-in-Chief of Defence Services of the Republic of the Union of Myanmar took place at Zeyathiri Beikman in Nay Pyi Taw this morning.

First, Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win, the current Deputy Commander-in-Chief of Defence Services of Myanmar Tatmadaw, and Chief of the General Staff (Army, Navy and Air) General Zeya Kyaw Htin Thray Sithu Kyaw Swa Lin who will assume the duties of the Deputy Commander-in-Chief of Defence Services, led by two protocol officers, arrived at the venue where the ceremony will be held.



Vice-Senior General Soe Win accepts the honorary sword.

Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win and General Zeya Kyaw Htin Thray Sithu Kyaw Swa Lin from the dais took the salute of the Guard of Honour.

Meanwhile, the artillery unit of honour fired a 17-gun salute to the accompaniment of the military parade.

Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win inspected the Guard of Honour.

On the occasion, the Vice-Senior General delivered a speech. He said: The Tatmadaw has, through successive generations of leaders—from the pre-independence period, through the post-independence era to the present—provided training and systematically handed over responsibilities in order to ensure that it remains a young, dynamic, and revitalized force. Regardless of who serves within it, there are many capable Tatmadaw members who are fully qualified to carry out the duties assigned to them. Those Tatmadaw members have become competent through the training and refresher courses conducted by the Tatmadaw, as well as through battlefield experiences, experience in staff officer, and the instructors, guidance, and shared knowledge of successive trainers and mentors. To enable the effective discharge of duties, senior leaders have also trained subordinate officers at successive levels in accordance with the motto "study, practise, and comply". The transfer of a duty within the Tatmadaw is not an ordinary handover, but one based on trust, confidence, and the prior training of suitable individuals before responsibilities are assigned. In other words, only when young leaders are equipped with experience can they effectively lead and carry out the Tatmadaw's core duties—national defence, safeguarding the Our Three Main National Causes, protecting the Constitution (2008) of the Republic of the Union of Myanmar, and working in coordination with the incumbent government to serve national interests. Therefore, responsibilities are systematically handed over to the younger generation in stages. During the period of his service, the Vice-Senior General paid tribute and expressed deep respect to all his trainers, mentors, and guiding figures who provided direction and guidance. The Vice-Senior General also conveyed his gratitude, respect, and pride toward former Commander-in-Chief of Defence Services Senior General Min Aung Hlaing, who led with understanding, forgiveness, and compassion throughout the 15 years of his service. The Vice-Senior General added that, thanks to the guidance, instruction, and counsel of successive trainers, mentors, and advisors, he was able to carry out his duties with minimal errors during his tenure. During their period of service, the Vice-Senior General said he carried out duties with sincere intentions, making use of their experience, guidance,

See Page - 20 ●●



Vice-Senior General Soe Win and General Kyaw Swa Lin take the salute of Guard of Honour.

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အသစ်ခန့်အပ်လွှာ လာရောက်ပေးအပ်



**နေပြည်တော် မတ် ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်အသစ် Mr. Barnaby Jones သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်သည့်အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (ယူအေအီး) သံအမတ်ကြီးအား ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (ယူအေအီး)သံအမတ်ကြီး မစ္စတာ မူတာ့ဇ် အဗ္ဗဒူလာ အဗ္ဗဒူလ်ဂျာလဲလ် မိုဟာမက် အယ်လ်ဖာဟင်းမ်အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြောင်း သိရသည်။

မြဝတီ



# စက်သုံးဆီဝယ်ယူမှုများနှင့်ပတ်သက်၍ Call Center သို့ သတင်းပေးပို့တိုင်ကြားလာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃၀**

ပြည်သူများစက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ထားသော အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code များဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ ပဲခူး၊ ပြင်ဦးလွင်နှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အမြန်လမ်းမကြီးတစ်လျှောက်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချပေးလျက်ရှိပြီး ပြည်သူများမှ တွေ့ကြုံရသည့် အခက်အခဲများနှင့် သိရှိလိုသည်များကို Call Center သို့ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ မေးမြန်းလာမှုများအပေါ် ဖြေရှင်းပြန်ကြားဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူရာတွင် သိရှိလိုသည်များကို စုံစမ်းမေးမြန်းခြင်းအပြင် ဝယ်ယူသုံးစွဲသူများ ထိခိုက်နစ်နာစေသည့် ဆိုင်ပိတ်ထားခြင်း၊ Scan မဖတ်ဘဲ ရောင်းချခြင်း၊ ဈေးတင်ရောင်းချခြင်း၊ တရားမဝင်ရောင်းချခြင်းများကို Call Center သို့ သတင်းပေးပို့တိုင်ကြားလာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိသည်။

ယနေ့အထိ အရောင်းဆိုင်ယာယီပိတ်သိမ်းခြင်းနှင့်အရောင်းဆိုင်မှ တာဝန်ရှိသူများကို အရေးယူထားရှိမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်ရှိ “TGB” စက်သုံးဆီအရောင်းဆိုင်၊ ပုဗ္ဗသီရိမြို့နယ်ရှိ “ရွှေပိုး” စက်သုံးဆီအရောင်းဆိုင်၊ “Terminal 001” စက်သုံးဆီအရောင်းဆိုင်၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ “Away” စက်သုံးဆီအရောင်းဆိုင်၊ အမရပူရမြို့နယ်ရှိ “အောင်ဗိုလ်ဟိန်း” စက်သုံးဆီအရောင်းဆိုင်၊ စဉ့်ကိုင်မြို့နယ်ရှိ “စိန်စီအောင်” စက်သုံးဆီအရောင်းဆိုင်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ “အောင်သန်းကျော်” စက်သုံးဆီအရောင်းဆိုင်၊ “အောင်သိဒ္ဓိ” စက်သုံးဆီအရောင်းဆိုင်၊ “ရွှေခြသေ့်” စက်သုံးဆီအရောင်းဆိုင်၊ “မိုးကောင်းကင်” စက်သုံးဆီအရောင်းဆိုင်၊ “စွမ်းအင်” စက်သုံးဆီအရောင်းဆိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ “Apex” စက်သုံးဆီအရောင်းဆိုင်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ “BOC” စက်သုံးဆီအရောင်းဆိုင်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်ရှိ “စွမ်းမြန်မာ” စက်သုံးဆီအရောင်းဆိုင်၊ ညောင်ပင်ဆိပ်ရပ်ကွက်ရှိ “Parent Love-01” စက်သုံးဆီအရောင်းဆိုင်၊ ကျိုက်မရောမြို့နယ်ရှိ “Puma Power” စက်သုံးဆီအရောင်းဆိုင်၊ ပေါင်မြို့နယ်ရှိ “မင်းသန့်-၉” စက်သုံးဆီအရောင်းဆိုင်၊ စုစုပေါင်းစက်သုံးဆီအရောင်းဆိုင် ၁၇ ဆိုင်ကို အရေးယူထားရှိခဲ့ပြီးဖြစ်သည်။

ထို့ပြင် Bar Code/ QR Code များဖြင့် ရောင်းချနေမှုများကို Online Monitoring Center မှ စောင့်ကြည့်ကြပ်မတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ Bar Code/ QR Code များ Scan ဖတ်ခြင်းမပြုဘဲ ရောင်းချနေကြောင်း စိစစ်တွေ့ရှိရသည့် နေပြည်တော်ကောင်စီနယ်မြေမှ စက်သုံးဆီအရောင်းဆိုင်(၃)ဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ အရောင်းဆိုင်(၄)ဆိုင်၊ မန္တလေးတိုင်းဒေသကြီးမှ အရောင်းဆိုင်(၁၀)ဆိုင်နှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှ အရောင်းဆိုင် (၇)ဆိုင်တို့အား ပြင်းထန်စွာသတိပေးထားရှိပြီး ညွှန်ကြားချက်များအား လိုက်နာမှုမရှိကြောင်း ထပ်မံစိစစ်တွေ့ရှိရပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **မြဝတီ**

# ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေး အသိပေးနှိုးဆော်ချက်

၂၀၂၆ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေး အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်းနေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့်နေရာများတွင်နားနေပါ၊ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်) တို့ကို အသုံးပြုပါ၊ ရေဓာတ်ခန်းခြောက်မှုမှ ကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ၊ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာ ခံစားရနိုင်သည်ကို အထူးသတိပြုပါ၊

(ခ) ရေမှတစ်ဆင့်ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေး ဆောင်ရွက်ပါ၊ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ၊ ရေကစားရာတွင် မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများမဝင်အောင် သတိပြုပါ၊ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ၊ အရက်သေစာသောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြည်ပါ၊

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ၊ လတ်ဆတ်ပြီးသန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ၊ အစားအသောက်ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုဆောင်ရွက်ပါ၊ အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျဖုံးအုပ်ပါ၊

(င) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာ ရရှိပါက နီးစပ်ရာကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“PDF လူငယ်တွေကို ခုတုံးလုပ်ခဲ့တဲ့ နွေဦးတော်လှန်ရေးကြီး ဓာတ်သိမ်းလေပြီ”** ခေါင်းစဉ်ဖြင့် ၁-၄-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၈-၄-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ပြည်တွင်းဓာတ်အားလိုင်းများ၊ တာဝါတိုင်များ၊ လမ်း/တံတားများ၊ အဆောက်အဦများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မိုင်းခွဲမီးရှို့ဖျက်ဆီးနေတဲ့ PDF အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဆီးရီးယားရှိ အမေရိကန်စစ်စခန်းများကို အီရန်က ဒရုန်းနှင့် ဒုံးကျည်များဖြင့်တိုက်ခိုက်

**ဒမတ်စကပ်၊ စစ်ရေး**

ဆီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းရှိ အမေရိကန်တပ်ဖွဲ့များအခြေစိုက်ရာ စခန်းများကို မတ်လ ၂၉ ရက်တွင် အီရန်က ဒရုန်းများနှင့်ဒုံးကျည်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ရာ အဆောက်အအုံအချို့ ပျက်စီးသော်လည်း လူထိခိုက်သေဆုံးမှုမရှိကြောင်း စစ်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့က မတ်လ ၃၀ ရက်တွင်ပြောသည်။

အီရန်သည် ဟာဆာကာပြည်နယ်ရှိကတ်စရက်စခန်းကို ဒုံးကျည်တစ်စင်းဖြင့် ဦးစွာပစ်ခတ်ပြီးနောက်မတ်လ ၂၉ ရက် သန်းခေါင်ယံနှင့် မတ်လ ၃၀ ရက် အရုဏ်တက်ချိန်တို့တွင် ဒရုန်းများဖြင့် ဆက်လက်တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ကထုတ်ပြန်ထားသည်။

အမေရိကန်လေကြောင်းရန်ကာကွယ်ရေးစနစ်က ဒရုန်းအချို့ကို ကြားဖြတ်ပစ်ချနိုင်သော်လည်း အချို့မှာစခန်းအတွင်းသို့ကျရောက်ပေါက်ကွဲသဖြင့် ပျက်စီးမှုများရှိသည်။ ရှုမယ်လန်မြို့အနီးရှိ ခါရပ်အယ်ဂျာစခန်းကိုလည်း မတ်လ ၂၉ ရက် နံနက်ပိုင်းတွင် ဒုံးကျည်များဖြင့် အကြိမ်ကြိမ်ပစ်ခတ်ရာ အချို့ကို လေကြောင်းရန်ကာကွယ်ရေးစနစ်က ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း သိရသည်။

**Ref: Xinhua**

## တောင်ကိုရီးယား၌ ရေနံဈေးနှုန်းများထပ်မံမြင့်တက်လာပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယာဉ်မောင်းနှင်မှုကန့်သတ်ရန်စဉ်းစားနေ



**ဆိုး၊ ပြည်တွင်းရေး**

ကမ္ဘာ့ရေနံဈေးနှုန်းများ ဆက်လက်မြင့်တက်လာပါက ပြည်သူများအပေါ် ယာဉ်မောင်းနှင်မှုကန့်သတ်ချက်များ တိုးမြှင့်သတ်မှတ်ရန် အစိုးရအဖွဲ့ကစဉ်းစားနေကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက မတ်လ ၃၀ ရက်တွင် ပြောသည်။

အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားလျက်ရှိသည့်စစ်ပွဲများကြောင့် စွမ်းအင်လိုအပ်ချက်ကိုထိန်းညှိရန် တာဝန်ရှိသူများက ကြိုးပမ်းနေခြင်းဖြစ်ပြီး ရေနံဈေးနှုန်းတစ်စည်လျှင် ဒေါ်လာ ၁၂၀ မှ ၁၃၀ အထိ မြင့်တက်လာပါက ပြည်သူများ၏မော်တော်ယာဉ်မောင်းနှင်မှုကန့်သတ်ချက်များကို တိုးမြှင့်နိုင်ကြောင်း ဘဏ္ဍာရေးဝန်ကြီးကပြောထားခြင်းဖြစ်သည်။

ယခုမူဝါဒသည် ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲနောက်ပိုင်းပထမဆုံးအဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယာဉ်မောင်းနှင်မှုကိုကန့်သတ်ခြင်းဖြစ်လာမည်ဖြစ်သည်။ အရှေ့အလယ်ပိုင်းအခြေအနေ ပိုမိုဆိုးဝါးလာပါက စွမ်းအင်ဖူလုံရေးအတွက် သတိပေးချက်အဆင့်ကို မြှင့်တင်ရမည်ဖြစ်ပြီး သုံးစွဲမှုလျှော့ချရန် လိုအပ်မည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

တောင်ကိုရီးယားသည် လိုအပ်သောရေနံစိမ်း ၇၀ ရာခိုင်နှုန်းခန့်ကို အရှေ့အလယ်ပိုင်းမှ တင်သွင်းနေရသဖြင့် ဒေသတွင်းတင်းမာမှုကြောင့် ဖြစ်ပေါ်လာသည့် ဈေးကွက်အပေါ် ရိုက်ခတ်မှုဒဏ်ကို ပြင်းထန်စွာခံစားနေရခြင်းဖြစ်သည်။ သမ္မတလီဂျေမြောင်ကလည်း စွမ်းအင်ပြဿနာသည် အလွန်ပြင်းထန်ကြောင်းနှင့် လျှပ်စစ်ကားကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုသို့ပြောင်းလဲရန် တိုက်တွန်းထားသည်။

**Ref: ST**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဝက်သက်ရောဂါ ကူးစက်ပြန့်ပွားပြီး လူပေါင်းများစွာ သေဆုံး

**ဒါကာ၊ ကျန်းမာရေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် ကူးစက်မြန်ဝက်သက်ရောဂါ ဆက်လက်ပြန့်ပွားနေပြီး ယခုနှစ်အတွင်း ရောဂါနှင့်ဆက်စပ်သည့် နောက်ဆက်တွဲဆိုးကျိုးများကြောင့် လူပေါင်းများစွာ သေဆုံးကြောင်းသိရသည်။ ဝက်သက်ရောဂါကူးစက်မှုသည် ပြီးခဲ့သည့် ဒီဇင်ဘာလမှစတင်၍ မြင့်တက်လာခဲ့ပြီး ယခုမတ်လအတွင်း သိသိသာသာပိုဆိုးလာခြင်းဖြစ်သည်ဟု ကျန်းမာရေးတာဝန်ရှိသူများကပြောသည်။

ယခုနှစ်တွင် သေဆုံးသူ ၃၈ ဦးရှိသည့်အနက် ၃၂ ဦးမှာ ယခုလအတွင်း သေဆုံးခြင်းဖြစ်ပြီး ဒါကာမြို့ရှိ ကူးစက်ရောဂါကုဆေးရုံ၌ သေဆုံးသူ ၂၁ ဦးရှိကြောင်း ဒေသတွင်းသတင်းစာက မတ်လ ၃၀ ရက်တွင်ဖော်ပြထားသည်။ ဒါကာမြို့သည်ရောဂါကူးစက်ပျံ့နှံ့မှု၏ ဗဟိုချက်ဖြစ်နေကြောင်းနှင့်အခြားဒေသများတွင်လည်း ကူးစက်ခံရသူ အရေအတွက်တိုးပွားလျက်ရှိကြောင်း သိရသည်။

**Ref: Xinhua**

## ဟော်မုရေလက်ကြား ပြန်ဖွင့်ရန် အမေရိကန်က အီရန်ကို ထပ်မံသတိပေး

**ဝါရှင်တန်၊ စစ်ရေး**

အီရန်နိုင်ငံနှင့် ဖြစ်ပွားနေသော စစ်ပွဲကို အဆုံးသတ်ရန် ပိုမိုဆင်ခြင်တုံတရားရှိသော အစိုးရအဖွဲ့နှင့် ဆွေးနွေးမှုများပြုလုပ်နေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မတ်လ ၃၀ ရက်တွင် ပြောသော်လည်း ဟော်မုရေလက်ကြားကို ချက်ချင်းပြန်မဖွင့်ပါက အီရန်၏ရေနံတွင်းများနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို တိုက်ခိုက်မည်ဟု ထပ်မံသတိပေးလိုက်ကြောင်းသိရသည်။

ဆွေးနွေးမှုများတွင် တိုးတက်မှုများရှိနေသော်လည်း သဘောတူညီချက်မရရှိပါက သို့မဟုတ် ဟော်မုရေလက်ကြားကို ချက်ချင်းပြန်မဖွင့်ပါက အီရန်ရှိလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ရေနံတွင်းများနှင့် ခါးကျွန်းတို့ကို အမြစ်ပြတ်အောင်ချေမှုန်းမည်ဖြစ်ကြောင်း ထရမ့်က လူမှုကွန်ရက်တွင် ရေးသားထားသည်။

**Ref: RT**

## ထိုင်းမြောက်ပိုင်းတွင် တောမီးလောင်မှုများကြောင့် လေထုညစ်ညမ်းမှုဒဏ်ကို ပြင်းထန်စွာခံစားနေရ



**ဘန်ကောက်၊ ညစ်ညမ်းမှု**

ထိုင်းနိုင်ငံအထက်ပိုင်းဒေသအချို့၌ တောမီးလောင်ကျွမ်းမှုများ မြင့်တက်လာခြင်းကြောင့် လေထုညစ်ညမ်းမှုအခြေအနေသည် အန္တရာယ်ရှိသည့်အဆင့်တွင် ရှိနေပြီး ကျန်းမာရေးသတိပေးချက်များနှင့် တရားမဝင်မီးရှို့မှုများကို အရေးပေါ်နှိမ်နင်းရန် တာဝန်ရှိသူများက မတ်လ ၃၀ ရက်တွင် ထုတ်ပြန်လိုက်သည်။

နိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် PM 2.5 အမှုန်ပါဝင်မှုမှာ သတ်မှတ်စံနှုန်းထက် များစွာကျော်လွန်နေပြီး ချင်းမိုင်ပြည်နယ်၌ တစ်ကုဗမီတာလျှင် ၂၆၂ ဒသမ ၆ မိုက်ခရိုဂရမ်အထိ အမြင့်ဆုံးစံချိန်တင်ကြောင်း ညစ်ညမ်းမှုထိန်းချုပ်ရေးဌာနကထုတ်ပြန်ထားသည်။

ယခုကဲ့သို့ လေထုညစ်ညမ်းရခြင်းမှာ စိုက်ပျိုးရေးအတွက်လယ်ကွင်းများကိုမီးရှို့ခြင်းနှင့် နယ်စပ်ဖြတ်ကျော်လာသည့် မီးခိုးငွေ့များကြောင့်ဖြစ်ကြောင်း အစိုးရအဖွဲ့မှ ဒုတိယပြောရေးဆိုခွင့်ရှိသူကပြောသည်။ မတ်လ ၂၉ ရက် ဂြိုဟ်တုအချက်အလက်များအရ တစ်နိုင်ငံလုံးတွင် မီးလောင်သည့်နေရာ ၄၃၂၇ ခုတွေ့ရှိခဲ့ပြီး ၎င်းတို့အနက် ၉၀ ရာခိုင်နှုန်းကျော်မှာ တောတောင်ဒေသများတွင် ဖြစ်ပွားနေခြင်းဖြစ်သည်။

ထို့နောက် တောမီးများကိုရှာဖွေငြိမ်းသတ်ရန် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနများကို အရေးပေါ်အမိန့်ထုတ်ပြန်ပြီး ဝေးလံခေါင်ဖျားသောဒေသများသို့ ဒရုန်းများနှင့် လေယာဉ်များအသုံးပြု၍ စစ်ဆေးနေကြောင်းသိရသည်။ **Ref: Xinhua**

## အမေရိကန်တွင် ဒေါ်နယ်ထရမ့်ကိုဆန့်ကျင်သည့် ဆန္ဒပြပွဲများသို့ လူအမြောက်အမြားတက်ရောက်

**ဝါရှင်တန်၊ ပြည်တွင်းရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရ၏မူဝါဒများကိုဆန့်ကျင်သည့် "No Kings" အမည်ဖြင့် တတိယအကြိမ်မြောက် ဆန္ဒပြပွဲများကို အမေရိကန်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများ၌ကျင်းပရာ လူအင်အားအမြောက်အမြားတက်ရောက်ကြောင်း ဆန္ဒပြပွဲစီစဉ်သူများက မတ်လ ၂၉ ရက်တွင်ပြောသည်။ အီရန်စစ်ပွဲ၊ လူဝင်မှုကြီးကြပ်ရေးတင်းကျပ်မှုများနှင့် ကုန်ဈေးနှုန်းမြင့်တက်လာမှုတို့ကိုကန့်ကွက်ရန် ဆန္ဒပြပွဲများသို့လူပေါင်းရှစ်သန်းကျော်တက်ရောက်ကြောင်း ပွဲစီစဉ်သူများက ခန့်မှန်းထားသည်။

ဆန္ဒပြသူများသည် ဝါရှင်တန်ဒီစီရှိ လင်ကွန်းအထိမ်းအမှတ်ရုပ်တုရှေ့တွင် စုဝေးပြီး ဒေါ်နယ်ထရမ့်သည် အာဏာရှင်တစ်ဦးကဲ့သို့ အုပ်ချုပ်ရန်ကြိုးပမ်းနေသော်လည်း အမေရိကန်၏အာဏာသည် ပြည်သူများထံတွင်သာရှိကြောင်း ပွဲစီစဉ်သူများကပြောသည်။ ဆန္ဒပြပွဲများတွင် သမ္မတထရမ့်နှင့် ဒုတိယသမ္မတ ဂျေဒီဗန့်တို့၏ရုပ်ပုံများကို ကိုင်ဆောင်ကာ ၎င်းတို့ကိုရာထူးမှဖယ်ရှားရန်နှင့် ဖမ်းဆီးရန်တောင်းဆိုကြသည်။

အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူကမူ ယခုဆန္ဒပြပွဲများကို သတင်းထောက်များမှလွဲ၍ မည်သူကမျှစိတ်မဝင်စားကြောင်း တုံ့ပြန်ထားသည်။ ယခုဆန္ဒပြပွဲများကို အမေရိကန်ပြည်တွင်းရှိ မြို့ကြီးများ၌ သာမက ပဲရစ်နှင့် လန်ဒန်မြို့တို့တွင်လည်း ပြုလုပ်ခဲ့ကြောင်းသိရသည်။ **Ref: AGC**



# ပွင့်ဖြူမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲဒုတိယနေ့ ဆက်လက်ကျင်းပ



ပွင့်ဖြူ မတ် ၁၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲဒုတိယနေ့ကို မတ်လ ၁၀ ရက်တွင် ပွင့်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက်ရှိ အောင်သိဒ္ဓိကျောင်းတိုက်ဓမ္မာရုံ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲဒုတိယနေ့တွင် မြို့နယ်အတွင်းရှိ စာသင်တိုက်များမှ စာဖြေသံဃာ၊ သာမဏေ၊ သီလရှင်များ ဝင်ရောက်ဖြေဆိုကြပြီး ပထမကြီးတန်း၌ သံဃာခြောက်ပါးနှင့် သီလရှင်တစ်ပါး၊ ပထမလတ်တန်း၌ သံဃာသုံးပါးနှင့် သီလရှင်တစ်ပါး၊ ပထမငယ်တန်း၌ သံဃာတစ်ပါးနှင့် သီလရှင်လေးပါး၊ အခြေပြုမူလတန်း၌ သာမဏေလေးပါးနှင့် သီလရှင်တစ်ပါး စုစုပေါင်း ၂၁ ပါး ဝင်ရောက်ဖြေဆိုကြသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ်လ ၂၉ ရက်မှ ဧပြီလ ၄ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပလျက်ရှိပြီး စာဖြေသံဃာများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် ဆရာတော်ကြီးများကြီးကြပ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မြန်အောင် မတ် ၁၀


ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ်၌ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးနှင့် ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာဆင်နွှဲနိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်လ ၁၀ ရက်တွင် မြန်အောင်ခရိုင် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်က မြန်အောင်ခရိုင်အတွင်း မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပွဲတော်ကျင်းပရန် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဒုတိယဗိုလ်မှူးကြီး ဇော်ဟိန်း၊ မြန်အောင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ အဖွဲ့ဝင်ဗိုလ်မှူးမင်းမင်းစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများက မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် မြန်အောင်ခရိုင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပရန် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၏ အကြံပြုဆွေးနွေးချက်များကို မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်က ဖြည့်စွက်ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ် (ပြန်/ဆက်)




| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၆ | ၂၈ |
| ရှမ်း(မြောက်) | ၁၅ | ၃၁ |
| ရှမ်း(အရှေ့) | ၁၆ | ၃၂ |
| ရှမ်း(တောင်) | ၁၄ | ၃၁ |
| ချင်း | ၁၁ | ၂၄ |
| စစ်ကိုင်း(အထက်) | ၁၇ | ၃၂ |
| စစ်ကိုင်း(အောက်) | ၂၂ | ၃၇ |
| နေပြည်တော် | ၂၁ | ၃၈ |
| မန္တလေး | ၂၄ | ၃၈ |
| မကွေး | ၂၁ | ၄၀ |
| ရခိုင် | ၂၂ | ၃၅ |
| ပဲခူး | ၂၁ | ၃၉ |
| ရန်ကုန် | ၂၂ | ၃၉ |
| ဧရာဝတီ | ၂၃ | ၃၉ |
| ကယား | ၁၅ | ၃၅ |
| ကရင် | ၂၁ | ၄၀ |
| မွန် | ၂၂ | ၃၈ |
| တနင်္သာရီ | ၂၁ | ၃၇ |

# မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်



ရွှေတောင် မတ် ၁၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး မီးဘေးအန္တရာယ်တွေ့ကြုံလာပါက လျင်မြန်စွာမီးငြိမ်းသတ်ခြင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို မတ်လ ၁၀ ရက်တွင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးရှေ့၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထက်နိုင်ဦးက မီးဘေးအသိ/သတိရှိစေရေး၊ မီးလောင်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ဆီမီးလောင်မှုကို ဖုံးအုပ်ငြိမ်းသတ်နည်းနှင့် ဂက်စ်မီးလောင်မှုအား ငြိမ်းသတ်နည်းတို့ကို သရုပ်ပြသကြရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများ ပူးပေါင်းပါဝင် ဇာတ်တိုက်လေ့ကျင့်ကြသည်။

ရွှေတောင်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်တွေ့ကြုံလာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် သိရှိလိုက်နာဆောင်ရွက်တတ်စေရန် လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။**ကိုကိုမင်း(ပြန်/ဆက်)**

# မြစိမ်းရောင်အတိုးရငွေဖြင့် ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ရေကြည် မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဇရပ်လှကျေးရွာအုပ်စု ဇရပ်လှကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်သော ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ်လ ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားကာ ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇရပ်လှကျေးရွာ၌ လမ်းတစ်ဖက်စီ အရှည်ပေ ၆၃၀၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် သိန်း ၁၄၀၊ ပြည်သူထည့်ဝင်ငွေ ငွေကျပ် သိန်း ၃၀ စုစုပေါင်း ငွေကျပ် သိန်း ၁၇၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ်ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇင်မာ

# ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အတွက် ယိမ်းအကအဖွဲ့များ အကလေ့ကျင့်နေမှုနှင့် မဏ္ဍပ်များဆောက်လုပ်နေမှု ကွင်းဆင်းကြည့်ရှု

တောင်ကြီး မတ် ၃၀

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ကပြယှဉ်ပြိုင်နိုင်ရန် ပြည်နယ်စည်ပင်သာယာရေးဌာနကိုယ်စားပြု ယိမ်းအကအဖွဲ့ အကလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် သပြေလမ်းထောင့်၌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန မဏ္ဍပ်ဆောက်လုပ်နေမှုကိုလည်းကောင်း၊ လမ်းလျှောက်သင်္ကြန်ဆောင်ရွက်မည့်နေရာနှင့် ဗဟိုမဏ္ဍပ်ဆောက်လုပ်နေမှုတို့ကိုလည်းကောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ပြိုင်ပွဲဝင်နှင့် ဖျော်ဖြေရေးယိမ်းအကအဖွဲ့များနားနေနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ချုပ်ပန်းခြံရှေ့၌ ပြည်နယ်စီးပွားရေးရာဝန်ကြီးဌာနနှင့် ပြည်နယ်လူမှုရေးဝန်ကြီးဌာန မဏ္ဍပ်၊ ရှမ်းတောင်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း မဏ္ဍပ်၊ ငွေတောင်ဟိုတယ်ရှေ့၌ ပြည်နယ်သယံဇာတရေးရာဝန်ကြီးဌာနမဏ္ဍပ်နှင့် ပြည်နယ်စိုက်ပျိုးရေးရုံးရှေ့၌ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနမဏ္ဍပ်များ ဆောက်လုပ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၁၃၈၇ ခုနှစ် တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ ယိမ်းအကပြိုင်ပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စားပြုယိမ်းအကအဖွဲ့၊ တောင်ကြီးတက္ကသိုလ်ယိမ်းအကအဖွဲ့၊ ဆေးတက္ကသိုလ်(တောင်ကြီး) ယိမ်းအကအဖွဲ့၊ ပညာရေးကိုယ်စားပြု ပိတောက်ဒေဝီယိမ်းအကအဖွဲ့၊ ဌာနဆိုင်ရာကိုယ်စားပြု ယိမ်းအကအဖွဲ့နှင့် ရပ်ကွက်အလိုက် ကိုယ်စားပြုယိမ်းအကအဖွဲ့များ ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်နိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အခြေခံလေ့ကျင့်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကျင်းပ


နေပြည်တော် မတ် ၃၀

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အခြေခံလေ့ကျင့်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက သင်တန်းကာလပြီးမြောက်သွားသည့်အတွက်ဝန်ထမ်းအသစ်များအနေဖြင့် သင်တန်းတွင် လုပ်ငန်းခွင်နှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ ကျင့်ဝတ်များကို လေ့လာမှတ်သားရသည့်အပြင် နည်းပြများ၏ သင်ကြားပို့ချမှု၊ လုပ်ငန်းခွင်အတွေ့အကြုံများကို လေ့လာသင်ယူခဲ့သည့်အတွက် လုပ်ငန်းခွင်တွင် အကျိုးရှိရှိပြန်လည်အသုံးချလုပ်ကိုင်ရန်လိုကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ရရှိသည့်အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး စဉ်ဆက်မပြတ်တိုးတက်အောင် ကြိုးစားလုပ်ဆောင်သွားရန် လိုကြောင်း၊ ရာထူးအဆင့်အလိုက်ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာဆောင်ရွက်ရန်၊ နိုင်ငံ့ဝန်ထမ်းများပီပီ နိုင်ငံတော်နှင့် ပြည်သူ၊ ကော်မရှင်အပေါ် သစ္စာစောင့်သိ စေတနာရှိစွာဆောင်ရွက်ရန်နှင့် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိခဲ့ကြသည့် သင်တန်းသားသုံးဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ **မြဝတီ**

# ၂၀၂၆ ခုနှစ် ကာယပညာနှင့်အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၃)သင်တန်းဆင်း



**နေပြည်တော် မတ် ၃၀**

၂၀၂၆ ခုနှစ် ကာယပညာနှင့်အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ကောထီနယ်မြေ လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေးစခန်း၌ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာကျောင်းများ၌ မရှိမဖြစ်လိုအပ်သည့် ကာယပညာ ဆရာ၊ ဆရာမ ၄၀၀ ကို ဒုတိယအသုတ်အဖြစ် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ပထမအသုတ် သင်တန်းသား၊ သင်တန်းသူ ၄၀၀ ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်မှ ဖေဖော်ဝါရီလ ၁၃ ရက်အထိ သင်တန်းဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ကြောင်း၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ၁၉၈၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ကာယပညာနှင့်အားကစားအခြေခံနည်းပြသင်တန်းအမှတ်စဉ် (၁) မှ ယခုဖွင့်လှစ်ခဲ့သည့် သင်တန်းအမှတ်စဉ်(၂၃)အထိ ကာယပညာဆရာ၊ ဆရာမပေါင်း ၉၄၂၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက ကာယပညာနှင့်အားကစားအခြေခံနည်းပြသင်တန်းတွင် ပို့ချသင်ကြားခဲ့သည့် ဘာသာရပ်အလိုက် သရုပ်ပြတင်ဆက်ကြသည်။

ယင်းနောက်ဒုတိယဝန်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများနှင့်သင်တန်းနည်းပြဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယခုဖွင့်လှစ်သည့် ကာယပညာနှင့်အားကစားအခြေခံ နည်းပြသင်တန်း အမှတ်စဉ် (၂၃)တွင် ရက်ပေါင်း ၄၀ တိတိ သင်ကြားပို့ချခဲ့ရာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# မန္တလေးလျှင်ကြီး (၁) နှစ်ပြည့်အထိမ်းအမှတ် Unity in Action အခမ်းအနားပြုလုပ်

**ရန်ကုန် မတ် ၃၀**

မန္တလေးလျှင်ကြီး (၁) နှစ်ပြည့် အထိမ်းအမှတ် Unity in Action အခမ်းအနားကို မတ်လ ၂၈ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ Wyndham Grand Hotel ၌ ပြုလုပ်ခဲ့သည်။

ဦးစွာမန္တလေးလျှင်ကြီးကြောင့်အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက်မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Head Of Delegation Ms. Nadia KHOURY နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Head of Programs & Prevention Mr. Xavier Collard de Macquerh တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာတင်မောင်လှိုင်က လျှော့ချပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး တစ်နှစ်တာအတွင်း လျှော့ချပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ထားရှိမှု၊ မိတ်ဖက်ကြက်ခြေနီအသင်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ စေတနာရှင်အလှူရှင်များ၏ ပံ့ပိုးကူညီဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုများကိုပြသသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်တင်လေး၊ အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာတင်မောင်လှိုင်နှင့် ပါမောက္ခ ဒေါက်တာဒေါ်ရီရီတင်တို့က လျှော့ချပြန်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ကြက်ခြေနီစေတနာလုပ်အားရှင်များကိုယ်စား ကြက်ခြေနီစေတနာလုပ်အားရှင် ၁၅ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ အလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီး/ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဒုတိယအထွေထွေ အတွင်းရေးမှူးများ၊ လက်ထောက်အထွေထွေအတွင်းရေးမှူးနှင့် ညွှန်ကြားရေးမှူးများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် မိတ်ဖက်ကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ပြည်တွင်း/ပြည်ပမှ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။ **မြဝတီ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မင်းဘူးမြို့၌ အခြေခံပန်းချီသင်တန်းဖွင့်လှစ်သင်ကြား



**မင်းဘူး မတ် ၃၀**

မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မတ်လ ၂၃ ရက်မှ ဧပြီလ ၃၀ ရက်အထိ သင်ကြားလျက်ရှိသည်။

ထိုသို့သင်ကြားရာတွင် သင်တန်းနည်းပြဆရာ ဦးဝင်းချိုက အခြေခံပန်းချီရေးဆွဲနည်းဘာသာရပ်များ ဖြစ်သော အခြေခံမျဉ်းရေးဆွဲနည်း၊ အခြေခံစက်ဝိုင်းပုံရေးဆွဲနည်း၊ တိရစ္ဆာန်ပုံရေးဆွဲနည်း၊ လူမျက်နှာပုံရေးဆွဲနည်းနှင့် ရှုခင်းပုံရေးဆွဲနည်းတို့ကို သင်ကြားပို့ချပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးတို့အား မတ်လ ၂၃ ရက်မှ ဧပြီလ ၃၀ ရက်အထိ သင်ကြားပေးလျက်ရှိသည်။

မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများနွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အခြေခံပန်းချီရေးဆွဲနည်းများကို စနစ်တကျရေးဆွဲတတ်စေရန်၊ ငယ်ရွယ်စဉ်မှစ၍ အလေ့အကျင့်ကောင်းများရရှိကာ သင်ကြားပြသပေးမည့်အတတ်ပညာများကို စိတ်ဝင်စားစွာ လေ့လာသင်ယူကြပြီး ထူးချွန်ထက်မြက်သည့် ပန်းချီပညာရှင်များဖြစ်စေရန် ရည်ရွယ်သင်ကြားခြင်းဖြစ်ကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# ပုသိမ်မြို့၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်



**ပုသိမ် မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၉ ရက်တွင် ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက်ရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဓမ္မစကူးသင်တန်းဥက္ကဋ္ဌဆရာတော်က ဓမ္မစကူးအကြောင်းသိကောင်းစရာများကို ဩဝါဒကထာမြွက်ကြားတော်မူသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်းက သင်တန်းတက်ရောက်နေသည့်သားငယ်၊ သမီးငယ်များအနေဖြင့် ယခုယဉ်ကျေးလိမ္မာသင်တန်းမှပို့ချသည့် ဗုဒ္ဓဘာသာဆိုင်ရာ ဓမ္မစာပေများကို စနစ်တကျ လေ့လာသင်ယူပြီး အမျိုးဘာသာ၊ သာသနာကြီးပွားတိုးတက်ရေးနှင့် ယဉ်ကျေးသောလူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်နိုင်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်သည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာစေရေးအတွက် သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် ဓမ္မစကူးသင်တန်းဥက္ကဋ္ဌဆရာတော်အား ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြည်ကြည်ထွန်း၊ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့်အဖွဲ့ဝင်များက သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းသည်။

အဆိုပါယဉ်ကျေးလိမ္မာသင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၀၀ ကျော်တက်ရောက်ကြပြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ သင်တန်းနည်းပြဆရာမ ဒေါ်စိုးစိုးသန်း၊ ဒေါ်သီတာဦးနှင့် ဒေါ်ဟေမာန်ဦးတို့က သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

**ကြို့ပင်ကောက် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ ယခုအခါ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုမဏ္ဍပ်ဆောက်လုပ်ခြင်း၊ လမ်းလျှောက်သင်္ကြန်ဆင်နွှဲရန် ကြိုတင်ပြင်ဆင်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျင်းပနိုင်ရေးအတွက် ရန်ကုန်ပြည်ကားလမ်းတွင် ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်၊ ဧည့်ခံကြိုဆိုရေးမဏ္ဍပ်တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး လမ်းလျှောက်သင်္ကြန်အတွက် မင်းရဲကျော်စွာလမ်းတွင် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုမဏ္ဍပ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သင်္ကြန်ယိမ်းအဖွဲ့ ခြောက်ဖွဲ့၊ ခေတ်ပေါ်တေးဂီတအဖွဲ့ တီးဝိုင်းများ၊ နေ့စဉ်စတုဒိသာကျွေးမွေးရေးအစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ကြောင်းနှင့် မြို့ပေါ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာယိမ်းအဖွဲ့များက သက်ဆိုင်ရာရပ်ကွက်/ဌာနများ၌ အဖွဲ့အလိုက်ယိမ်းအကတိုက်ခြင်းတို့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# ကံမမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များဖြန့်ဝေ

**ကံမ မတ် ၃၀**

မကွေးတိုင်းဒေသကြီး ကံမမြို့ဈေးအတွင်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပြည်သူများ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြည်သူများ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို မတ်လ ၃၀ ရက်တွင် ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

ယင်းသို့ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်းပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၃-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၅ | တရားတော် |
| ၂။ | ၀၈:၅၀ | ၁၂ လရာသီမှတ်တမ်း |
| ၃။ | ၀၉:၂၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄။ | ၁၀:၁၅ | နိုင်ငံတကာသတင်း |
| ၅။ | ၁၁:၁၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၆။ | ၁၂:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၇။ | ၁၃:၁၅ | တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်း သုံးသပ်ချက် |
| ၈။ | ၁၄:၄၀ | ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၉။ | ၁၆:၄၅ | မျိုးချစ်တပ်မတော် |
| ၁၀။ | ၁၇:၂၅ | မှတ်သားလိုက်နာပုံပမာ |
| ၁၁။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း**<br>**အတွေ့လေးရယ်မှ အိုအကြုံ(ဒုတိယပိုင်း)**<br>**သရုပ်ဆောင် ကျော်ဟိန်း၊ မင်းဦး၊ မျိုးသန္တာထွန်း၊ စံမတူ၊ နွဲ့နွဲ့စန်း**<br>**ဒါရိုက်တာ – မောင်ဝဏ္ဏ** |

# ကန်ကြီးထောင့်မြို့နယ်၌ စက်သုံးဆီရောင်းချပေးနေမှုကွင်းဆင်းစစ်ဆေး



**ကန်ကြီးထောင့် မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များ၌ စက်သုံးဆီရောင်းချပေးနေမှုကို မတ်လ ၃၀ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က အမှတ်(၃)ရပ်ကွက် Xtra Power စက်သုံးဆီအရောင်းဆိုင်တွင် တောင်သူများအတွက် ဒီဇယ်ဆီများအား သတ်မှတ်ဈေးနှုန်းများဖြင့် ရောင်းချမှု ရှိ၊ မရှိ၊ ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိနှင့် မလိုလားအပ်သောနေရာများသို့ စက်သုံးဆီများ မရောက်ရှိစေရေး ကွင်းဆင်းစစ်ဆေးကြပ်မတ်ခဲ့ပြီး စက်သုံးဆီပြတ်လပ်မှု မရှိစေရေး ဆောင်ရွက်ထားရှိမှုအစီအစဉ်များကို မိဘပြည်သူများထံ အသိပညာပေးပြောကြားသည်။

အလားတူ မြို့နယ်အတွင်းရှိ တာဝန်ရှိသူများက အခြားသောစက်သုံးဆီအရောင်းဆိုင်များကိုလည်း ကွင်းဆင်းစစ်ဆေးကြပ်မတ်လျက်ရှိပြီး တောင်သူများဆီသို့ ဆီရရှိမှုခွဲတမ်းအလိုက် ရောင်းချပေးလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံမှ သိရသည်။ **ကျော်ဇင်စိုး(ပြန်/ဆက်)**

# (၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့်အလှဆင်










နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

**နေပြည်တော် မတ် ၃၀**

၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်ခဲ့သည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့်လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိမုခ်ဦးကြီးကိုလည်း ရောင်စုံမီးအလှများဖြင့် ခမ်းနားထည်ဝါစွာတွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက်ရာလမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ လမ်းဘေးဝဲယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခုံ စင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါး ရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း အသီးသီးပုံဖော်အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့ပြင် ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင်အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုက်ဘာဖြင့် ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့်မီးရောင်စုံများ၊ မီးအလှများဖြင့်ပြုလုပ်ထားရှိရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် ယနေ့တတိယမြောက်နေ့တွင်လည်း စည်ကားလျက်ရှိသည်။

(၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌လည်း မီးရောင်စုံများ၊ မီးအလှများဖြင့် ထွန်းညှိ၍ ဂုဏ်ပြုအလှဆင်မှုများ ပြုလုပ်ထားလျက်ရှိရာ အဆိုပါနေရာများသို့ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# မေလတွင်ကျင်းပမည့် TOP J စာမေးပွဲအတွက် ဖောင်များစတင်လျှောက်ထားနိုင်

**ရန်ကုန် မတ် ၃၀**

ရန်ကုန်နှင့် မန္တလေးမြို့တို့၌ လာမည့် မေလအတွင်း ကျင်းပမည့် TOP J စာမေးပွဲအတွက် ဖောင်များစတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းမှ သိရသည်။

"မေလထဲမှာ ရန်ကုန်နဲ့ မန္တလေးမှာ ကျင်းပမယ့် TOP J စာမေးပွဲအတွက် လျှောက်လွှာဖောင်တွေတင်လို့ရနေပါပြီ။ စာမေးပွဲကို Basic (N5 & N4 Level),Inter-mediate (N3 & N2 Level) နဲ့ Advanced (N1 & Above Level) များ ဝင်ရောက်ဖြေဆိုနိုင်ပါတယ်"ဟု မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

TOP J စာမေးပွဲတွင် နယ်ဝေးမှ ပါဝင်ဖြေဆိုလိုသူများအတွက် Google လျှောက်လွှာများ လက်ခံပေးမည်ဖြစ်ကြောင်း၊ စာမေးပွဲကို မေလ ၁၀ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ဧပြီလ ၉ ရက်အထိ https://forms.gle/TJ35LTvRk4EAyL2C8 မှတစ်ဆင့် လျှောက်လွှာတင်သွင်းနိုင်ကြောင်း သိရသည်။

အဆိုပါစာမေးပွဲရလဒ်များကို စာမေးပွဲဖြေပြီး နှစ်ပတ်အကြာတွင် Online Result အဖြစ် မြန်မြန်ဆန်ဆန် သိရှိနိုင်မည်ဖြစ်ပြီး တစ်လအကြာတွင် Certificate များထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

TOP J စာမေးပွဲကို နှစ်စဉ် တစ်နှစ်လျှင် ဇန်နဝါရီ၊ မတ်၊ မေ၊ ဇူလိုင်၊ စက်တင်ဘာနှင့် နိုဝင်ဘာလတို့တွင် ကျင်းပပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်းမှသိရသည်။ ဖြိုးဖြိုး

# စပါးအသင်းက လစ်လပ်နေသည့်နည်းပြရာထူးအတွက် နည်းပြအဒီဟတ်တာအား ခန့်အပ်ရန်နီးစပ်လျက်ရှိ



လန်ဒန် မတ် ၁၀

စပါးအသင်းက နည်းပြတူဒေါနှင့် လမ်းခွဲပြီးနောက် လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် မိုနာကိုအသင်းနည်းပြဟောင်း အဒီဟတ်တာအား ခန့်အပ်ရန်နီးစပ်လျက်ရှိကြောင်း သိရသည်။

စပါးအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့်အတွက် နည်းပြသောမက်ဖရန့်နှင့်လမ်းခွဲပြီးနောက် နည်းပြသစ်အဖြစ် တူဒေါကိုခန့်အပ်ခဲ့သော်လည်း အသင်းအနေဖြင့် ရလဒ်များတိုးတက်လာခြင်းမရှိသည့်အတွက် နှစ်ဖက်သဘောတူလမ်းခွဲခဲ့ပြီး လက်ရှိတွင် နည်းပြရာထူးနေရာ လစ်လပ်နေခြင်းဖြစ်သည်။

အသက် ၅၄ နှစ်အရွယ် အဒီဟတ်တာသည် နည်းပြဘဝတွင် ဆဲလ်ဘတ်အသင်း၊ ယန်းဘွိုင်းအသင်း၊ ဖရန့်ဖက်အသင်း၊ ဂလာဘတ်အသင်းနှင့် မိုနာကိုအသင်း စသည့်ဥရောပထိပ်တန်းကလပ်အသင်းများကိုတာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလက မိုနာကိုအသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

အစောပိုင်းတွင် စပါးအသင်းက နည်းပြသစ်ရာထူးအတွက် မာဆေးလ်အသင်းနှင့်လမ်းခွဲပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဒီဇာဘီအား ခန့်အပ်လိုသော်လည်း အသင်းပရိသတ်များက ကန့်ကွက်ခဲ့ကြသည့်အတွက် ခန့်အပ်မည့်အစီအစဉ်ကို ရပ်တန့်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် စပါးအသင်းက နည်းပြအဒီဟတ်တာနှင့်ဆွေးနွေးမှုများလုပ်ဆောင်နေပြီး လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်ခန့်အပ်နိုင်ရန်ကြိုးပမ်းနေကာ ဧပြီလ ၁၂ ရက်တွင်ကစားမည့် ဆန်းဒါးလန်းအသင်းနှင့်ပွဲစဉ်မတိုင်မီ ခန့်အပ်လိုခြင်းဖြစ်သည်။

စပါးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၃၀ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၀ ဖြင့် အဆင့်(၁၇)နေရာ၌ရပ်တည်နေပြီး တန်းဆင်းဇုန်မှ ဝက်စ်ဟမ်းအသင်းနှင့် ရမှတ်တစ်မှတ်သာကွာဟနေကာ လက်ကျန်ပွဲစဉ်ခုနစ်ပွဲတွင် ရလဒ်များဆက်လက်ဆိုးရွားနေမည်ဆိုပါက ရာသီအကုန်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းရမည့်အရေးနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။*Ref;Top Skills Sports UK*

## လီဗာပူးအသင်းက ဗန်ဒိုက်၏နေရာ၌ နော်တင်ဟမ်အသင်းမှ မူရယ်လိုနှင့် အစားထိုးရန်စီစဉ်

လန်ဒန် မတ် ၁၀

လီဗာပူးအသင်းက အသင်းမှ ဝါရင့်ခံစစ်ကစားသမား ဗန်ဒိုက်၏နေရာ၌ နော်တင်ဟမ်အသင်းမှ မူရယ်လိုနှင့်အစားထိုးရန် စီစဉ်နေကြောင်း သိရသည်။

လီဗာပူးအသင်းနှင့် ဗန်ဒိုက်တို့စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး လီဗာပူးအသင်းဘက်မှ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် အစီအစဉ်မရှိသည့်အတွက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းနှင့်လမ်းခွဲရန် နီးစပ်နေခြင်းဖြစ်သည်။

အသက် ၂၃ နှစ်သာရှိသေးသည့် မူရယ်လိုသည် နော်တင်ဟမ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး တခြားထိပ်တန်းအသင်းကြီးများကလည်း ၎င်းကိုခေါ်ယူရန်စောင့်ကြည့်နေသည့်အတွက် လီဗာပူးအသင်းက လက်ဦးမှုရယူလိုသောကြောင့် ယခုဘောလုံးရာသီမကုန်ဆုံးမီ ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

နော်တင်ဟမ်အသင်းအနေဖြင့် ယခုဘောလုံးရာသီတွင် တန်းဆင်းဇုန်ဖိအားများနှင့်ရင်ဆိုင်နေရပြီး ရာသီအကုန်တွင် တန်းဆင်းရမည်ဆိုပါက မူရယ်လိုအပါအဝင် အသင်းမှ အဓိက ကစားသမားများကို လက်လွှတ်ရမည့်အရေးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ *Ref;Fabrizio Romano*

# တိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်အား ပီအက်စ်ဂျီအသင်းနှင့် အေစီမီလန်အသင်းတို့က ခေါ်ယူရန်ကြိုးပမ်းနေ

ဘာစီလိုနာ မတ် ၁၀

လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် တိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်အား ဘာစီလိုနာအသင်းအပြင် ပီအက်စ်ဂျီအသင်းနှင့် အေစီမီလန်အသင်းတို့ကလည်း ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

ရက်ရှ်ဖို့ဒ်သည် ပြီးခဲ့သည့်နှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ဘာစီလိုနာအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားလျက်ရှိပြီး စာချုပ်ပါအချက်အလက်များအရ ဘာစီလိုနာအသင်းအနေဖြင့် ရာသီအကုန်တွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူနိုင်မည့်အချက်ပါရှိနေသည့်အတွက် ဘာစီလိုနာအသင်းကလည်း အပြီးသတ်ခေါ်ယူလိုခြင်းဖြစ်သည်။

တိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်ကိုယ်တိုင်က ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးလျှင်လည်း မန်ယူအသင်းထံ ပြန်လည်မပူးပေါင်းလိုသည့်အတွက် ဘာစီလိုနာအသင်းထံ အပြီးသတ်ပြောင်းရွှေ့ကစားပြီး အစောပိုင်းကတည်းက ဆွေးနွေးမှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

အလားတူ ဘာစီလိုနာအသင်းနှင့်အပြိုင် ဥရောပထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် ပီအက်စ်ဂျီအသင်းနှင့် အေစီမီလန်အသင်းတို့ကလည်း ခေါ်ယူလိုပြီး ပီအက်စ်ဂျီအသင်းက ရက်ရှ်ဖို့ဒ်ကို မန်ယူအသင်းတွင်ရှိနေစဉ်ကတည်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ဖူးကာ ယခုအခါ ဒုတိယအကြိမ် ကြိုးပမ်းမှုများလုပ်ဆောင်နေခြင်းဖြစ်ပြီး အေစီမီလန်အသင်းကလည်းခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*



# နိုင်ငံတကာပွဲစဉ်ကာလအတွင်း အဓိက ကစားသမားအများစု ဒဏ်ရာပြဿနာနှင့် တွေ့ကြုံရပြီးနောက် အာဆင်နယ်အသင်း ထိုးနှက်ချက်ဖြစ်လာ

လန်ဒန် မတ် ၁၀

အာဆင်နယ်အသင်းသည် နိုင်ငံတကာပွဲစဉ်ကာလအတွင်း လက်ရွေးစင်အသင်းများအတွက် ကစားသမားစေလွှတ်ခဲ့ရာ အသင်းမှ အဓိက ကစားသမားအများစု ဒဏ်ရာပြဿနာနှင့်တွေ့ကြုံရပြီးနောက် ပရီးမီးယားလိဂ်ချန်ပီယံဆုအတွက် ထိုးနှက်ချက်ဖြစ်လာကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် လက်ရှိနိုင်ငံတကာပွဲစဉ်ကာလတွင် လက်ရွေးစင်အသင်းများအတွက် ကစားသမားစေလွှတ်ခဲ့ရာမှ အဓိက ကစားသမားများဖြစ်သည့် ဇူဘီမန်ဒီ၊ ဂါဘရီရယ်၊ ဟင်ကာပီ၊ မက်ဒူကီ၊ ဆာကာ၊ ဒီကလန်ရိုဒ် စသည့်ကစားသမားများ ဒဏ်ရာရရှိခဲ့ကြပြီးနောက် လက်ရှိ အသင်း၌ အဓိက ကစားသမားအများစုအပါအဝင် ဒဏ်ရာရရှိသည့် ကစားသမား ၁၂ ဦးအထိရှိလာခြင်းဖြစ်သည်။

အာဆင်နယ်အသင်း၌ ဇူဘီမန်ဒီ၊ ဟင်ကာပီ၊ မက်ဒူကီ၊ ဂါဘရီရယ်၊ ဆာကာ၊ ဒီကလန်ရိုဒ်တို့အပြင် ဆလီဘာ၊ အက်ဇီး၊ အိုဒီဂတ်၊ ထရော့ဆက်၊ တင်ဘား၊ မိုရီနိုတို့လည်း ဒဏ်ရာအသီးသီးရရှိကာ လက်ရှိ ပွဲထွက်ကစားသမား ၁၁ ဦးစာရင်းမှ ကစားသမားအများစုမှာ ဒဏ်ရာရရှိနေသည့်အတွက် လာမည့်အရေးကြီးပွဲစဉ်များကိုလွဲချော်မည်ဖြစ်ပြီး အာဆင်နယ်အသင်း၏ ပရီးမီးယားလိဂ်ချန်ပီယံဆု မျှော်လင့်ချက်အတွက် ထိုးနှက်ချက်ဖြစ်လာဖွယ်ရှိသည်။

အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၁)အပြီးတွင် အမှတ်ပေးဇယားအဆင့်(၁) နေရာမှ မန်စီးတီးအသင်းထက် တစ်ပွဲပိုကစားထားပြီး ရမှတ်ကိုးမှတ်ဖြတ်တောက်ကာ ထိပ်ဆုံးမှ ဦးဆောင်နေပြီး ချန်ပီယံဆုအတွက် အနီးစပ်ဆုံးအနေအထားတွင်ရှိနေသော်လည်း မန်စီးတီးအသင်းနှင့် ရမှတ်ကွာဟမှုမှာ ကျဉ်းမြောင်းနေသေးသည်။ အာဆင်နယ်အသင်းသည် လာမည့်ပရီးမီးယားလိဂ်ပွဲစဉ်များတွင် အဓိကကစားသမားများကို ဒဏ်ရာပြဿနာများကြောင့် လက်လွှတ်ရမည်ဖြစ်သည့်အတွက် ထိုးနှက်ချက်ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

*Ref;Fotmob*

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၆၅ ဦး မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၃၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၃၆ ဦး၊ ဗီယက်နမ်နိုင်ငံသား ၂၇ ဦး၊ ကင်ညာနိုင်ငံသားတစ်ဦးနှင့် ရဝမ်ဒါနိုင်ငံသားတစ်ဦး၊ စုစုပေါင်းပြည်ပနိုင်ငံသား ၆၅ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့်ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ ကင်ညာနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။




အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးအပ်စဉ်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၁၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကိုသက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၄၇၂ ဒသမ ၄ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများနှင့် သာစည်မြို့နယ်တွင် ငွေကျပ် ၂၀၀ ဒသမ ၇ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



တရားခံ မြင့်နိုင်ဦး(ခ)ကိုရဲအား ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူတွေ့ရစဉ်။



တရားခံ မမြင့်မြင့်ထွေးနှင့် မစုစုဝင်းတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

**နေပြည်တော် မတ် ၃၀**

ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၄၇၂ ဒသမ ၄ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများနှင့်သာစည်မြို့နယ်တွင်ငွေကျပ် ၂၀၀ ဒသမ ၇ သိန်းတန်ဖိုးရှိမူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မတ်လ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၆၂ လမ်း၊ ၁၁၈ x ၁၁၉ လမ်းကြားတွင် ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်နေ မြင့်နိုင်ဦး(ခ)ကိုရဲ (၅၆)နှစ်မောင်းနှင်လာသော ADIXIN အမျိုးအစား မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၂၀) ဖမ်းဆီးရမိသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ညနေ ၃ နာရီတွင် မြင့်နိုင်ဦး(ခ)ကိုရဲ နေထိုင်သည့် ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်ရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၀၀)၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၁ ကီလို (ဆေးပြားတစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀)နှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၈ ဂရမ်(တစ်ဂရမ်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၄ သိန်း)တို့ကို ထပ်မံဖမ်းဆီးရမိသဖြင့် မြင့်နိုင်ဦး(ခ)ကိုရဲအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ မတ်လ ၂၈ ရက် ည ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သာစည်မြို့နယ်၊ ကွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ မန္တလေးသို့မောင်းနှင်လာသည့် JINDEI အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့်ခရီးသည် ကျွန်းလှမြို့နယ်၊ ရေရှင်ကျေးရွာနေ မမြင့်မြင့်ထွေး(၂၆)နှစ်၊ ပျော်ဘွယ်မြို့နယ်၊ ရှမ်းပွဲရပ်ကွက်နေ မစုစုဝင်း(၄၅)နှစ်တို့ နှစ်ဦးသယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၇၅ ဒသမ ၅ သိန်း)၊ ဘိန်းစိမ်း ၂ ဒသမ ၈ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၉ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၅ ဒသမ ၂ သိန်း)တို့ကို ဖမ်းဆီးရမိသဖြင့် မမြင့်မြင့်ထွေးနှင့်မစုစုဝင်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မြဝတီ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၃-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၄၅၀ | ၄၅၆၅ | ၄၅၃၀ | ၄၄၆၅ | ၄၅၇၀ | ၄၅၈၅ | ၄၆၀၅ | ၄၅၂၀ | ၄၅၀၅ | ၄၈၁၅ | ၄၅၄၀ | ၄၈၂၅ | ၄၆၁၀ | ၄၅၇၅ | ၄၆၀၀ | ၄၈၅၅ |
| 95 Ron | ၄၉၇၅ | ၅၀၉၀ | ၅၀၅၅ | ၄၉၉၀ | ၅၀၉၅ | ၅၁၁၀ | ၅၁၃၀ | ၅၀၄၅ | ၄၅၆၀ | ၅၃၄၀ | ၅၀၆၅ | ၅၁၉၅ | ၅၁၃၅ | ၅၁၀၀ | ၅၁၂၅ | ၅၃၈၀ |
| HSD (500 ppm) | ၅၄၅၀ | ၅၅၆၅ | ၅၅၃၀ | ၅၄၆၅ | ၅၅၇၀ | ၅၅၈၅ | ၅၆၀၅ | ၅၅၂၀ | - | ၅၈၁၅ | ၅၅၄၀ | ၆၃၉၅ | ၅၆၁၀ | ၅၅၇၅ | ၅၆၀၀ | ၅၈၅၅ |
| HSD (50 ppm) | ၆၀၈၅ | ၆၂၀၀ | ၆၁၆၅ | ၆၁၀၀ | ၆၂၀၅ | ၆၂၂၀ | ၆၂၄၀ | ၆၁၅၅ | ၄၈၃၀ | ၆၄၅၀ | ၆၁၇၅ | ၆၄၂၀ | ၆၂၄၅ | ၆၂၀၀ | ၆၂၃၀ | ၆၄၉၀ |
| HSD (10 ppm) | ၆၀၈၅ | ၆၂၀၀ | ၆၁၆၅ | ၆၁၀၀ | ၆၂၀၅ | ၆၂၂၀ | ၆၂၄၀ | ၆၁၅၅ | - | ၆၄၅၀ | ၆၁၇၅ | ၆၄၂၀ | ၆၂၄၅ | ၆၂၀၀ | ၆၂၃၀ | ၆၄၉၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၃၄ | ၄၃၅၂ |
| 95 Ron | ၄၇၄၂ | ၄၈၇၀ |
| HSD (500 ppm) | ၅၂၀၂ | ၅၃၃၆ |
| HSD (50 ppm) | ၅၈၁၆ | ၅၉၆၂ |
| HSD (10 ppm) | ၅၈၁၆ | ၅၉၆၂ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပဲခူးမြို့တွင် မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပမည်



ပဲခူး မတ် ၃၀

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓော စေတီတော်မြတ်ကြီး (၂၆၀၈)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် ဧပြီလ ၁ ရက်တွင် ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး မိုးလုံလေလုံအားကစား ခန်းမ၌ မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ (၂၆၀၈)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား မတ်လ၂၇ ရက် မှ ဧပြီလ ၅ ရက်အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အဆိုပါ မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲတွင် သုံးချီစိန်ခေါ်ပွဲနှင့် လေးချီ စိန်ခေါ်ပွဲတို့ပါဝင်ကာ သုံးချီစိန်ခေါ်ပွဲ ပွဲစဉ် များ၌ အာကာမင်း(ပဲခူးကလပ်)နှင့် လင်းလက်ကြယ်(ဇာမဏီမောင်)၊ ကောင်းခန့် ကျော်(ပဲခူးကလပ်)နှင့် နိုင်းနိုင်း(ဇာမဏီမောင်)၊ စွန်ရဲမောင်(Ray Club)နှင့် ထက်ဝေယံ (ကျားမနိုင်)၊ ထွန်းလင်းအောင်(Strong Wrestler)နှင့် ဇာနည်မင်း(ပြည်ကျော်/ မန္တလေး)၊ ဖိုးခွားစိ(ပဲခူးကလပ်)နှင့် ဘားမား ကျော်ထင်(ကျားမနိုင်)၊ ဖြိုးမင်းသန့်(ပဲခူး ကလပ်)နှင့် ပိုင်ဇင်အောင်(MK–1)၊ ငရဲ(Strong Wrestler)နှင့် သန်းထွန်းအောင်(ပြည်ကျော်/ မန္တလေး)၊ သူရဟိန်း(လုံးချောကလပ်)နှင့် ပြည်ကျော်(Strong Wrestler)၊ ကောင်းကောင်း (ပဲခူးကလပ်)နှင့် သားထွေး(ကျားမနိုင်)၊ အယ်လောလ(ရိုးရာကျား)နှင့် ကျားမာန်ဟိန်း (Strong Wrestler)၊ စောလယ်တာမလာ (Ray Club)နှင့် အောင်သိုက်(အဖြူရောင် သွေးသစ်)၊ ရဲမိုက်တီး(MK – 1)နှင့် ဂေါ်ဒိုထူး (ရိုးရာကျား)စသည့်တွဲဆိုင်းများ၊ လေးချီ စိန်ခေါ်ပွဲများတွင် မြင့်မြတ်မောင်(ပဲခူး ကလပ်)နှင့် ခွန်မင်းမင်း (ရွှေဘားလား/သထုံ)၊ အာကာဖိုလ်(ပဲခူးကလပ်)နှင့် ရဲရင့်မာန် (တောင်ဇလပ်)၊ ကျော်နိုင်ထွန်း(အဖြူရောင် သွေးသစ်)နှင့် ကောင်းထက်ဟိန်း(လုံးချော ကလပ်)တို့တွဲဆိုင်းများ၊ အမျိုးသမီး သုံးချီ စိန်ခေါ်ပွဲတွင် လါဂျူး (ပဒေသာကလပ်) နှင့် အိအိစံ (Strong Wrestler)တွဲဆိုင်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)

# အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် လက်ထပ်ပေါင်းသင်းစေကာ ရရှိသောငွေကြေး အကျိုးအမြတ်ခေါင်းပုံဖြတ်ရယူဆောင်ရွက်ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၃၀

အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် လက်ထပ်ပေါင်းသင်းစေကာ ရရှိသော ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ်ရယူ ဆောင်ရွက်ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ချမှတ် ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရ သည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မကျီးပင်စောက် ကျေးရွာနေ အမျိုးသမီးတစ်ဦးသည် ခင်ပွန်း ဖြစ်သူနှင့်စကားများရန်ဖြစ်ပြီး အလုပ်လုပ် ကိုင်ရန် လေယာဉ်ဖြင့် ကျိုင်းတုံမြို့သို့ ရောက်ရှိနေစဉ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ယန်းခမ်းကားကြီးဝင်းနေ မအိမူမူအောင်(ခ)မသဲသဲက မိုင်းပေါက်မြို့ရှိ ပွဲစားဒေါ်အိနှင့်ချိတ်ဆက်ပေးမည်၊ တရုတ် အငှားမယားလုပ်မည်ဆိုပါက မိုင်းပေါက် မြို့သို့ သွားရောက်ရမည်၊ တင်တောင်းငွေ ယွမ် ၁၅၀၀၀ ရရှိမည်ဖြစ်ကြောင်းပြောဆို စည်းရုံးခဲ့သဖြင့် သဘောတူပြီး ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် မအိမူမူအောင်(ခ)မသဲသဲက ကျိုင်းတုံမှ မိုင်းပေါက်မြို့သို့ပို့ဆောင်ခဲ့ရာ ပွဲစားဒေါ်အိထံသို့ ရောက်ရှိခဲ့ကြောင်း။

ဒေါ်အိက တရုတ်ပွဲစားများထံ ၎င်း၏ ဓာတ်ပုံများပို့ပေးခဲ့ရာမှ လာရောက် ကြည့်ရှုကြပြီး တရုတ်ပွဲစားများက ဒေါ်အိ အား တရုတ်ငွေများပေးနေသည်ကို တွေ့ရှိ ရကြောင်း၊ မည်မျှပေးသည်ကိုမသိရှိ ကြောင်း၊ တရုတ်ပြည်ရှိ တရုတ်အမျိုးသား နှင့်လက်ထပ်ပြီးပါက တင်တောင်းငွေ တရုတ်ယွမ် ၁၅၀၀၀ ရရှိမည်ဟု ဒေါ်အိနှင့် မအိမူမူအောင်(ခ)မသဲသဲတို့က ပြောဆိုခဲ့ ကြကြောင်း။

ယင်းနောက် တရုတ်ပွဲစားများနှင့်အတူ တောလမ်းများမှသွားရောက်ခဲ့ရာ တရုတ် ပြည်ရှိ အမည်မသိရွာတစ်ရွာသို့ ရောက်ရှိ ခဲ့ပြီး ထိုရွာရှိတရုတ်နိုင်ငံသား "ဝ"အမျိုးသား အဲကားဆိုသူနှင့် လက်ထပ်ခဲ့ရကြောင်း၊ တင်တောင်းငွေမရသဖြင့် သားမယားအဖြစ် နေထိုင်ရန်ပြောဆိုမှုကို ငြင်းဆန်ခဲ့ရာ ပွဲစားများထံမှဝယ်ယူပြီးဖြစ်၍ ကလေးမွေး ပြီးမှသာပြန်ခိုင်းမည်ဖြစ်ကြောင်း ပြောဆို၍ သားမယားအဖြစ် နေထိုင်ခဲ့ကြောင်း၊ သားမယားအဖြစ်နေထိုင်ရန် ငြင်းဆန်သည့် နေ့များတွင် အခန်းတွင်းတံခါးပိတ်ပြီး ခြေဖြင့်ကန်ခြင်း၊ ကြိုးဖြင့်ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် အဲကား တောင်ယာသို့ သွားစဉ် နေအိမ်မှထွက်ပြေးပြီး လျှန်စန်း ရဲစခန်းသို့ရောက်ရှိကာ တရားမဝင် ဝင်ရောက်မှုအတွက် ထောင်ဒဏ်နှစ်လနှင့် နှစ်ရက်ချမှတ်ခံခဲ့ရပြီး မြန်မာနိုင်ငံနယ်စပ် သို့ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း စိစစ် ပေါ်ပေါက်သဖြင့် အမှတ်(၁၈)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကျိုင်းတုံ) မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ကျိုင်းတုံ မြို့မရဲစခန်း(ပ)၁၆၇/၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် မတ်လ ၂၆ ရက်တွင် ကျိုင်းတုံခရိုင်တရားရုံး မှ မအိမူမူအောင်(ခ)မသဲသဲကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်အိကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ကျင့် ၅၁၂ အရ ကျင့် ၈၇/၈၈ ထုတ်ဆင့်ခဲ့ကြောင်း သိရ သည်။

မြဝတီ


**ပျောက်ဆုံးကြောင်း**
အေးအိအိပိုင်(ဘ)ဦးဝင်းမောင် ၁၁/သတန(နိုင်)၀၉၇၂၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၀၂၇၆၂၉

**ပျောက်ဆုံးကြောင်း**
ဒေါ်နေခြည်ဝင်း(ဘ)ဦးဝင်းမြင့် ၉/မသန(နိုင်)၁၈၁၉၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 749950)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၁၈၃၃၅၄

**ပျောက်ဆုံးကြောင်း**
ဒေါ်ဝင့်ဝင့်ထွေး(ဘ)ဦးဝင်းနိုင် ၁၂/သခန(နိုင်)၁၆၈၀၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၅၆၅၉၈၇၀

**ပျောက်ဆုံးကြောင်း**
ပန်းဝတ်ရည်ခိုင်(ဘ)ဦးခင်မောင်ဝင်း ၁၂/သဃက(နိုင်)၁၅၈၃၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၄၁၆၃၆

**ပျောက်ဆုံးကြောင်း**
နီလာစိန်(ဘ)ဦးအုန်းသန်း ၁၄/ဇလန(နိုင်)၁၃၆၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 185788)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၄၀၀၄၈၆၇

**ပျောက်ဆုံးကြောင်း**
ငုဝါကျော်(ဘ)ဦးမြင့်ကျော် ၇/အတန(နိုင်)၁၅၅၇၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထွန်းလင်းနိုင်(ဘ)ဦးလှသန်း ၉/ပဘန(နိုင်)၂၄၆၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကိုကိုထက်(ဘ)ဦးဇော်လင်းထွန်း ၇/ညလပ(နိုင်)၂၁၇၁၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အေးမြတ်မြတ်သူ(ဘ)ဦးတင်မြိုင် ၁၂/လသယ(နိုင်)၁၂၆၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အိန္ဒြေဦး(ဘ)ဦးမြင့်ဇော် ၈/နမန(နိုင်)၂၆၄၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ရဲထက်အောင်(ဘ)ဦးမြင့်အောင် ၇/ပတတ(နိုင်)၁၁၉၈၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကေသီလွင်(ဘ)ဦးဌေးလွင် ၁၂/စခန(နိုင်)၀၆၈၅၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၃၅၃၉၇၃၃

**ပျောက်ဆုံးကြောင်း**
ဖူးမိမိဇော်(ဘ)ဦးဇော်သိန်းထွန်း ၉/စကတ(နိုင်)၁၁၀၈၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 967864)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၁၅၀၅၃၄၁

**ပျောက်ဆုံးကြောင်း**
အောင်ထွန်းလေး(ဘ)ဦးကာလူး ၁၂/တမန(နိုင်)၁၂၂၇၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မင်းစိုးအောင်(ဘ)ဦးပျော့ ၃/ဘအန(နိုင်)၂၆၃၇၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 264875)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နန်းရွှေဦး(ဘ)ဦးအကြူ ၃/ဘအန(နိုင်)၄၀၁၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 013699)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နော်အဲလာထွန်း(ဘ)ဦးရွှေမြအေး ၃/ဘအန(နိုင်)၂၃၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 610417)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မညို(ဘ)စောဒူးဒီ ၃/ဘအန(နိုင်)၄၅၆၉၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 440929)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ကြည်ကြည်ဆွေ(ဘ)ဦးညွန့်နိုင် ၁၂/လသယ(နိုင်)၁၁၁၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အင်နာမူဟာဆန်(ဘ)ဦးမိုစ္စဂူရ်ဟာဆန် ၁၂/ပဘတ(နိုင်)၀၃၅၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၄၃၉၇၆၀

**ပျောက်ဆုံးကြောင်း**
နန္ဒမာလာ(ဘ)ဦးဝင်းမောင် ၇/ဖမန(သ)၀၀၁၇၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၄၂၁၀၂၇

**ပျောက်ဆုံးကြောင်း**
နိုးနိုးဝေ(ဘ)ဦးဇော်ထူး ၁၄/ဘကလ(နိုင်)၂၅၉၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၁၅၁၉၀၀၇

**ပျောက်ဆုံးကြောင်း**
ခိုင်မိုးထွန်း(ဘ)အိုးဖောက်မောင် ၁၁/ပတန(နိုင်)၀၅၂၃၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 563001)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၆၁၆၉၅၄

**ပျောက်ဆုံးကြောင်း**
သိန်းထွဋ်စန်း(ဘ)ဦးကူလိုင် ၅/စကန(နိုင်)၁၅၅၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၀၁၃၀၀၄

**ပျောက်ဆုံးကြောင်း**
ဦးနိုင်ဝင်း(ဘ)ဦးစောပိုင် ၁၄/ဒဒရ(နိုင်)၀၉၇၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၆၆၀၅၆၆၄

**ပျောက်ဆုံးကြောင်း**
သန္တာအောင်(ဘ)ဦးဖိုးအောင် ၉/ခအဇ(နိုင်)၀၁၆၉၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၈၄၂၂၈၂

**ပျောက်ဆုံးကြောင်း**
နှင်းအိဖြိုး(ဘ)ဦးချစ်ဝင်း ၁၄/ဟကက(နိုင်)၀၀၉၇၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၈၆၇၅၀၅၇

**ပျောက်ဆုံးကြောင်း**
လွင်လွင်ဦး(ဘ)ဦးတင်ဖေ ၅/ကလထ(နိုင်)၀၀၀၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၁၂၅၈၆၀

**ပျောက်ဆုံးကြောင်း**
ခင်စန်းမြင့်(ဘ)ဦးအောင်ကျန် ၁/မကန(နိုင်)၀၉၄၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရဲထက်ကျော်(ဘ)ဦးကျော်ဝင်း ၃/ဘအန(နိုင်)၃၂၈၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 259537)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း**
မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာနေ ကျွန်တော် ဦးစိုးထက်အောင်(ဘ)ဦးမြင့်ဝေ ၉/ပဥလ(နိုင်)၀၆၇၇၂၅ နှင့် ဒေါ်ခင်ထက်ထက်သူ(ဘ) ဦးသိန်းဝင်း ၉/ပဥလ(နိုင်)၀၆၆၂၀၁ တို့သည် ၂၀၂၆ ခုနှစ်၊ မတ်လ(၂၆)ရက်နေ့တွင် ပြင်ဦးလွင်ခရိုင်တရားရုံး၌ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲ ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးစိုးထက်အောင်

**ပျောက်ဆုံးကြောင်း**
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ်(၈၁)အလယ်လမ်း၊ ခုံဝင်းဒပ်ရပ်နေ ချန်ဖူးကောင်း(ဘ)ဦးမောင်စိန် ၆/ထဝန(နိုင်)၀၀၆၆၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၀၄၅၀၄၆

**ပျောက်ဆုံးကြောင်း**
အပြင်ပဒံကျေးရွာ၊ သပြေပင်(၁)လမ်း၊ အမှတ်(၄၆၇)နေ အေးမြတ်မြတ်သူ(ဘ) ဦးတင်မြိုင် ၁၂/လသယ(နိုင်)၁၂၆၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 817600)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၇၁၁၇၃၃

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ မြို့တွင်းကြီးရပ်ကွက်နေ သူရ(ဘ)ဦးတင်ထွန်း ၇/ပခန(နိုင်)၄၁၆၁၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၁၂၇၀၀၉

**ပျောက်ဆုံးကြောင်း**
စောဒါဝင်ချစ်(ဘ)ဦးမျိုးချစ် ၃/ဖပန(နိုင်)၀၁၈၄၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 620381)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**အလိမ္မာစာမှာရှိ**


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ပြည့်စွမ်းထား ...
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
Mount Pleasant Coffee
PURE ARABICA COFFEE
PYIN OO LWIN
NAN MYAING
ပင်ရင်းအရောင်း - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE

❖ **"အလိမ္မာစာမှာရှိ"** ဆိုသည့်စကားအတိုင်း လူသားများအတွက် အသိပညာနှင့် အလိမ္မာပညာကို စာပေကပေးပါကြောင်း၊ စာပေကပေးသည့်အသိပညာနှင့်အလိမ္မာကိုအခြေခံပြီး လူ့ပတ်ဝန်းကျင်အဆောက်အအုံကြီး ကြီးထွားစည်ပင်လာခြင်းလည်းဖြစ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုနှင်းသဘင်အခမ်းအနား၌ အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပပြုလုပ်



လက်ရှိ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံချို မဟာသရေစည်သူစိုးဝင်းက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ကို လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျာကျော်ထင် သရေစည်သူကျော်စွာလင်းအား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဦးစီးကွပ်ကဲမှုတံဆိပ်ကို တပ်ဆင်ပေးစဉ်။

နေပြည်တော် မတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းလက်ခံခြင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန်၌ ကျင်းပပြုလုပ်သည်။

ဦးစွာ လက်ရှိမြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံချို မဟာသရေစည်သူစိုးဝင်းနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့်

စာမျက်နှာ ၅ ကော်လံ ၁ ◆

## (၈၁)နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ပိုစတာကြီးများစိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

စာ - ၂၇ သို့

## သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကျင်းပ

စာ - ၁၁ သို့

## သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကျင်းပ

စာ - ၁၂ သို့

## ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေးအသိပေးနှိုးဆော်ချက်

စာ - ၂၂ သို့

ဆောင်းပါး

## နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

စာ - ၁၃ သို့

Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

